ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (4-5-2006)(၄၉၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်တစ်ဝန်းလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်ဖွံ့ဖြိုးရေးသည် ပဓာနကျ ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာနှင့်မြို့ ဆက်သည့်လမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက် နိုင်ငံအတွက် လိုအပ်သည့်စက်သုံးဆီကို ဖြည့်ဆည်းပေးမည့် ဩစည်းရိုးကြက်ဆူပင်ကို အားလုံးဝိုင်းဝန်းစိုက်ပျိုး

ရန်ကုန် မေ ၃

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံ လမ်းပိုင်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းကျင်းနေမှု အခြေအနေနှင့် ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝ မြစ်ရေတိုက်စားမှုကြောင့် မြေထိန်းနံရံ ဆောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုနေမှုနှင့် ကမ်းပါးမြေထိန်းနံရံဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ ***မျက်မှောက်ကာလတွင် နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်တွင်း၊ပြည်ပ အဆိုးမြင် လက်တစ်ဆုပ်စာ မီဒီယာအချို့က မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မဟုတ်မမှန်လုပ်ကြံဝေဖန်ပြောဆိုရေးသား ထုတ်လွှင့်မှုများ ပြုလုပ်လျက်ရှိသည်။***

(ခေါင်းကြီး) စာမျက်နှာ-၂

☆ ***နှစ်နိုင်ငံ ချစ်ကြည်ရေး အစွန့်ရှည်ရေးအတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီး အောင်မြင်စွာ တည်ထားကိုးကွယ်ပြီးစီးရေးအတွက် မြန်မာနိုင်ငံမှ ပြည်သူများ ပါဝင်လှူဒါန်းကုသိုလ်ရယူနိုင်ကြသည်။***

မျိုးဝေဖြိုး၏ **"မြန်မာ-အိန္ဒိယ ချစ်ကြည်မှု အထိမ်းအမှတ် ဝိပဿနာစေတီတော်"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၄-၅-၂၀၀၆
(ကြာသပတေးနေ့)

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးကြိုးပမ်း ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နေမှုများတန်ပြန်ချေဖျက်

မြန်မာနိုင်ငံသည် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်ခိုင်မြဲစွာ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးတွင် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်မှုများ ရရှိနေပြီး ရေမြေရာသီဥတု အခြေအနေကောင်း၊ လုပ်အားပြည့်စုံမှုတို့ကို အသိပညာ၊ အတတ်ပညာစွမ်းရည်နှင့် ပေါင်းစပ်ဖော်ဆောင်နိုင်မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီး ဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် လက်တွေ့ပါဝင် လှုပ်ရှားလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ သက်တမ်း ၁၂နှစ်ကျော် ကာလအတွင်းတွင် ဗဟိုအဆင့်မှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အသင်းအဆင့်ဆင့်ကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်ထားပြီးဖြစ်ရာ အသင်းဝင်များအနေဖြင့် အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

ထို့ကြောင့် အသင်းဝင်များ၏ အရေအတွက်သာမက အရည်အချင်းပါ ပြည့်ဝနေစေရန် ဘက်ပေါင်းစုံမှ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဖွင့်လှစ်၍ အသင်းဝင်များ အရည်အသွေးပြည့်ဝရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ နိုင်ငံကအားထားရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံ သတင်းစာပညာသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂ရက်နေ့က ရန်ကုန်မြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ အသင်းဝင် သင်တန်းသားများ တက်ရောက်ကြသည်။

မျက်မှောက်ကာလတွင် နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်တွင်း၊ ပြည်ပ အဆိုးမြင်လက်တစ်ဆုပ်စာ မီဒီယာအချို့က မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မဟုတ်မမှန် လုပ်ကြံဝေဖန်ပြောဆိုရေးသား ထုတ်လွှင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်သမားများ၏ မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေမှုများကို အီလက်ထရွန်းနစ်မီဒီယာ၊ အိုင်တီမီဒီယာ၊ ပုံနှိပ်မီဒီယာ၊ လူလူချင်းဆက်သွယ်မှု မီဒီယာများ ပေါင်းစပ်ပြီး တန်ပြန်ချေဖျက်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်၏ ဦးဆောင်ဦးရွက်မှုကောင်းသည့် အချိန်အခါ အခွင့်အလမ်းကောင်းများနှင့် ကြုံကြိုက်နေချိန်တွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်နေစေရေး ကြိုးပမ်းရင်း မဟုတ်မမှန် ရေးသားထုတ်လွှင့်၍ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေမှုများကို မီဒီယာအမျိုးမျိုးဖြင့် တန်ပြန်ချေဖျက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ မြန်မာ့အစားအစာ၊ မုန့်လုပ်ပြိုင်ပွဲ၌ ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အစားအစာ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲနှင့် မုန့်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့အစားအစာ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း(၁/၂၀၀၆)ဆင်းပွဲနှင့် မုန့်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီ ခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်ကြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်း ဂုဏ်ပြုစကားပြောကြားကာ မုန့်လုပ်ပြိုင်ပွဲ၌ ဆုရရှိကြသည့် အသင်းများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

အောင်လက်မှတ်

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၄

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြာညိုချစ်ဖေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် ဧပြီ ၅ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်မင်းမြတ်ထံပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

သစ်တောသစ်ပင်
နို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက်က အမှတ်(၇)ရပ်ကွက် အလင်းရောင်စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
(မြို့နယ်ပြန်/ဆက်)

မိုးအကြို ရေစီးရေလာကောင်းစေရန် ကိုယ့်အားကိုယ်ကိုး သန့်ရှင်းရေးပြုလုပ်

ရန်ကုန် မေ ၃

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးတို့မှ ကြီးကြပ်၍ ဗိုလ်ဆွန်ပက်အလယ်လမ်း လမ်းသာယာရေးကော်မတီက ကိုယ့်အားကိုယ်ကိုး၍ လမ်းဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ၊ ဖြတ်မြောင်းများ၊ လက်တက်မြောင်းများရှိ နုန်းများ၊ အမှိုက်များအား ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေဆင်းပေါက်များ ရှင်းလင်းခြင်းကို ယနေ့နံနက်က ပြုလုပ်သည်။

မိုးအကြိုကာလ ရေစီးရေလာကောင်းမွန်စေရန် ကိုယ့်အားကိုယ်ကိုး လမ်းသာယာရေးကော်မတီ၏ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က ကြည့်ရှုအားပေးရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့်တာဝန်ရှိသူများက ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)** (၁၉)

မြန်မာ–အိန္ဒိယ ချစ်ကြည်မှု အထိမ်းအမှတ် ဝိပဿနာစေတီတော်

မျိုးဝေဖြိုး

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ တည်ထားကိုးကွယ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ်တစ်ပါးတွင် အထင်ကရ ပါဝင်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထူးခြားအံ့သြဖွယ် ဂုဏ်ထူးဝိသေသများကြောင့် နိုင်ငံတကာမှ လာရောက်ဖူးမြော် ကြည်ညိုသူများ အမြဲမပြတ် ရှိနေသည်။

ယခုအခါ ဗုဒ္ဓသာသနာတော် စတင်ထွန်းကားရာ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးတစ်ဆူကို စတင်တည်ထားကိုးကွယ်လျက်ရှိသည်။ လူဦးရေ ၁၅သန်းနေထိုင်ပြီး နေ့စဉ် နိုင်ငံခြားသား အများအပြားလာရောက်လျက်ရှိသည့် စီးပွားရေးမြို့တော် မွန်ဘိုင်းမြို့တွင် ၂၅ဧက ကျယ်ဝန်းသည့် မြေနေရာ၌ ရွှေတိဂုံစေတီတော်ကြီး၏ ဉာဏ်တော်အမြင့်ထက် တစ်ပေမျှနိမ့်၍၃၂၅ပေရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကို တည်နေခြင်းဖြစ်သည်။

ဝိပဿနာတရားကို နဂိုမူလအတိုင်း လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ဆရာကြီး စည်သူသရေစည်သူ ဦးဘခင်ထံမှ သင်ယူတတ်မြောက်ခဲ့သော ဆရာကြီးဦးဂိုအင်ကာက ကမ္ဘာ့နိုင်ငံပေါင်း ၇၀ တွင် ဝိပဿနာ တရားစခန်းပေါင်း ၁၃၀နှင့် ဝိပဿနာတရားအားထုတ်ရာနေရာ ရာပေါင်းများစွာတို့ကို ဖွင့်လှစ်တည်ဆောက်ခဲ့သည်။ ဆရာကြီး ဦးဂိုအင်ကာသည် ၁၉၇၉ ခုနှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၀ရက် ဝိပဿနာတရားစခန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။ ကိုးကွယ်မှု ဘာသာ၊ အယူဝါဒ အမျိုးမျိုးရှိကြသော လူပုဂ္ဂိုလ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မတရား တော်များကို နာယူကြရ၍ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ရရှိကြသည်။ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် တရားရတနာ စတင်ထွန်းကားခဲ့ရာ အိန္ဒိယနိုင်ငံအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ဆရာကြီးဦးဂိုအင်ကာသည် ဤကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယဆရာတော်ကြီးများအဖြစ် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလ၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့ အပါအဝင် ဆရာတော်ကြီး ရှစ်ပါးတို့ဖြင့် ၁၉၉၇ခုနှစ် အောက်တိုဘာလတွင် ဝိပဿနာစေတီတော်မြတ်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။ ထိုပန္နက်တင် မင်္ဂလာအခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ ပါဝင်သည့် မြန်မာနိုင်ငံမှဆရာတော်ကြီးများလည်း ကြွရောက်ချီးမြှင့်တော်မူခဲ့ကြသည်။

တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များ၊ ယောဂီများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အိန္ဒိယရူပီးငွေ ကုဋေတစ်ရာ(အမေရိကန်ဒေါ်လာ ၂၃သန်းခန့်)ကုန်ကျမည့် ဝိပဿနာစေတီတော်မြတ်ကြီးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်ထား ကိုးကွယ်မည်ဖြစ်သည်။

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ အတွင်းရှိ လိုဏ်ဂူကြီး၏ အမိုးသည် လုံးဝန်းလျက်ရှိပြီး အပေါ်သို့ထောက်ပံ့ထားသည့်တိုင် လုံးဝမပါဘဲ ကျောက်တုံးတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ လိုဏ်ဂူကြီးသည် အချင်း ပေ ၂၈၀ ရှိမည်။ ကျောက်တုံးကြီး တစ်တုံးစီကို လိုအပ်သည့်ပုံစံရရှိအောင်ဖြတ်၍ အချင်းချင်းချိတ်ဆက်ထားသည့်အတွက် ကြီးမားသော ကျောက်ကွင်းဆက်များဖြစ်လာမည်။ ထိုကျောက်ကွင်းဆက်များကို တစ်ဆင့်ပြီးတစ်ဆင့် အထက်သို့ ချိတ်ဆက်သွားသည့်အခါ လိုဏ်ဂူကြီးဖြစ်ပေါ်လာမည်ဖြစ်သည်။ လိုဏ်ဂူကြီး၏ အမိုးသည် ကမ္ဘာမြေ၏ ဆွဲအားကို အန်တုကာ လေထဲတွင်ဝဲပျံနေသကဲ့သို့ တွေ့မြင်ရမည်ဖြစ်သည်။ စေတီတော်မြတ်ကြီး ပြီးစီးပါက ကျောက်တုံးတို့ဖြင့် တည်ဆောက်ထားသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးလိုဏ်ဂူကြီး ဖြစ်လာလိမ့်မည်။ စေတီတော်မြတ်ကြီးမှာ လုံးတော်ပြည့်အုတ်များကိုထုအဖြစ် တည်ဆောက်ထားခြင်းမဟုတ်ဘဲ စေတီတော်လုံးပတ်အတွင်း ဧရိယာမှာ လိုဏ်ဂူအဖြစ် တည်ထားခြင်းဖြစ်သည်။ လိုဏ်ဂူအတွင်း ထောင်ပေါင်းများစွာသော ယောဂီများ တစ်ချိန်တည်းတွင် ဝိပဿနာတရား ပွားများအားထုတ်နိုင်မည်ဖြစ်သည်။

ထို့ပြင် ဝိပဿနာစေတီတော်မြတ်ကြီးတွင် သတင်းအချက်အလက် ပညာပေးပြခန်းများကို ပြသသွားမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော တရားဒေသနာအစစ်အမှန်များအပြင် ဗုဒ္ဓဝင်ဖြစ်စဉ်များကို အခြေခံရိုက်ကူးထားသည့် ရုပ်ရှင်၊ဗီဒီယိုများကို ပြသထားမည်ဖြစ်ရာ တရားဒေသနာတော်များသည် အများ ပြည်သူတို့ထံ ပျံ့နှံ့သွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ မဟာဗောဓိအသင်းကြီးသည် ဂေါတမဗုဒ္ဓ ဘုရားရှင်၏ ဓာတ်တော်အစစ်များကို ကမ္ဘာ့ဝိပဿနာ စေတီတော် မြတ်ကြီးတွင် ဌာပနာ၍ ပူဇော်နိုင်ရန်အတွက် လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် ပြည်သူများကလည်း မွန်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် အောက်ပါကဏ္ဍများတွင် ကုသိုလ်ပါဝင်လှူဒါန်းကြမည်ဖြစ်သည်–

ပထမကဏ္ဍတွင် စေတီတော်သို့ လာရောက်ဖူးမြော် ကြည်ညိုသူအပေါင်း အေးချမ်းစွာ လှည့်လည်ကြည်ညိုနိုင်ရန် အတွက် တစ်ကုဗမီတာ နေပူခံစကျင်ကျောက်တုံးပေါင်း ၈၅၀ လှူဒါန်းခြင်း။

ဒုတိယကဏ္ဍတွင် စေတီတော်အတွင်းရှိ တရားပွားများရာ လိုဏ်ဂူကြီးတစ်ခုလုံးကို တစ်သိန်းငါးသောင်းစတုရန်းပေရှိ သစ်သားပါကေးကြမ်းခင်းခြင်း။

တတိယကဏ္ဍတွင် စေတီတော်မြတ်ကြီး၏မုခ်လေးမုခ်နှင့် တပ်ဆင်မည့် မြန်မာမှုကနုတ်၊ ပန်းပု၊ ပန်းထွင်းသစ်သားတံခါးကြီးများအတွက် လိုအပ်မည့်သစ်များနှင့် တံခါးရွက်ကျည်းပေါင်အစုံ ၉၀ လှူဒါန်းခြင်း။

စတုတ္ထကဏ္ဍတွင် စေတီတော်မြတ်ကြီး၏ အထွတ်ဖြစ်သော ရွှေထီးတော်ကြီး လှူဒါန်းခြင်း။

ပဥ္စမကဏ္ဍတွင် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓဝင်ပြခန်းအတွက် ဗုဒ္ဓကျောက်ဆင်းတုတော်များ၊ ဉာဏ်တော်နှစ်ပေခွဲရှိ ကျောက်ဆင်းတုတော် တရားထိုင်ပုံ ၂၈ဆူ၊ ဉာဏ်တော်တစ်ဆယ့်ရှစ်ပေ ကျောက်ဆင်းတုတော် တရားထိုင်ပုံတစ်ဆူ (ခန့်မှန်းတန်ဖိုးကျပ်သိန်း၇၀)၊ ဉာဏ်တော် ငါးပေခွဲရှိ ကျောက်ဆင်းတုတော် မတ်ရပ်ပုံရှစ်ဆူနှင့် မုဒြာအမျိုးမျိုး ကျောက်ဆင်းတုတော် ၂၈ဆူတို့ကို မြန်မာနိုင်ငံမှပြည်သူများက ပါဝင်လှူဒါန်းကြမည် ဖြစ်သည်။

နှစ်နိုင်ငံအစိုးရများကလည်း စေတီတော်မြတ်ကြီးတည်ထားရေတွင် အားကြိုးမာန်တက် အဘက်ဘက်မှ ကူညီပံ့ပိုးနေကြပြီး မြန်မာနိုင်ငံမှ သံဃာတော် အရှင်သူမြတ်များကလည်း ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်အဖြစ် ချီးမြှင့်အားပေးနေကြသည်မှာ အားရဖွယ်ကောင်းလှသည်။ စေတီတော်မြတ်ကြီး ပြီးစီးပါက ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို ထိုဝိပဿနာစေတီတော်မြတ်ကြီးတွင် ကျင်းပရန်အစီအစဉ်ရှိကြောင်း သိရှိရသည်။

မကြာမီရက်များအတွင်းက မြန်မာနိုင်ငံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိခဲ့ခြင်းသည် မြန်မာ–အိန္ဒိယနှစ်နိုင်ငံနှင့် ပြည်သူများ ချစ်ကြည်ရေး ပိုမိုခိုင်မြဲရေးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေခဲ့သည်။

နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်ရေးအတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူကို အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အောင်မြင်စွာတည်ထားကိုးကွယ်ပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံမှပြည်သူများ ပါဝင်လှူဒါန်းကုသိုလ်ရယူနိုင်ကြသည်။

အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အမှတ်(၇၇) ရွှေဘုံသာလမ်း ရန်ကုန်မြို့ ဖုန်း–၂၄၅၃၂၇၊ ၂၄၅၁၀၁၊ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဝင်္ကပါရေလည်ကျောင်း ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၅၄၉၂၉၀၊ ၅၄၆၆၆၀၊ ဓမ္မမဏ္ဍပ ဝိပဿနာရိပ်သာ၊ ဗန်းမော်ကျောင်းတိုက်အတွင်း ဗောဓိကုန်း မန္တလေးမြို့တို့တွင် လှူဒါန်းနိုင်ကြသည်။

ကမ္ဘာအရပ်ရပ်ရှိ အလှူရှင်များနှင့် မြန်မာနိုင်ငံမှ ပြည်သူများ ပါဝင်လှူဒါန်း တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီး တည်ထားပြီးစီးပါက ကမ္ဘာ့အံ့ဖွယ်စေတီတော်မြတ်ကြီးအဖြစ် ဖူးမြင်ရမည်ဖြစ်ပြီး မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးသည်လည်း ပိုမိုခိုင်မြဲ အခွန့်ရှည်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ကွယ်လွန်သူ မိဘနှစ်ပါးနှင့်ဒေါ်နှင်းကြည် ခုနစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဌာနာရပ်ကွက် အလုံလမ်းနေ ဦးစိုးမြင့် မိသားစုက ဒဂုံမြို့နယ် စံကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ညောင်ကုန်းပြာသာဒ်ကျောင်းတိုက် ဆရာတော်အား ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃

မကွေးတိုင်း နတ်မောက်မြို့နယ် ပေါက်ကန်ကျေးရွာဇာတိဖွား ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ညောင်ကုန်းကျောင်းတိုက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဆက်ကပ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသဖြင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မေ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုပူဇော်နိုင်ပါရန်နှင့် လှူဒါန်းပူဇော်လိုပါက ဆရာတော် ဦးသြဘာသ ဖုန်း–၂၀၁၄၅၈နှင့် ဆရာတော် ဦးနန္ဒသာရ ဖုန်း–၂၉၅၃၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှုလုပ်ငန်းအတွက် ဧပြီ ၂၉ရက်က ကွယ်လွန်သူ မိခင်ဒေါ်အိမွှေးအား ရည်စူး၍ မော်လမြိုင်မြို့၊ အောက်လမ်းမကြီးနေ ဦးတင်ခိန်း–ဒေါ်သိန်းကင်း မိသားစုက ငွေကျပ်ခုနစ် သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် မိဘများဖြစ်ကြသည့် ဦးဘဟန်(အမရပူရ)–ဒေါ်စောကြွယ်(လားရှိုး)တို့အား ရည်စူး၍ ဒေါ်မေပြုံးဟန် (ဝိသာခါပညာပဒေသာပင်)က မွေးနေ့အလှူအဖြစ် အလှူတော်ငွေကျပ် တစ်သိန်းကို မေ ၃ ရက်က အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးလှမြိုင်(အကျိုးဆောင် အတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မီးသုံးခွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မလေးရှားနှင့် အိန္ဒိယ စက္ကူစက်ရုံပူးပေါင်းတည်ဆောက်မည်

ကွာလာလမ်ပူ မေ ၂

မလေးရှားအရှေ့ပိုင်း ဆာဘားပြည်နယ်နှင့် အိန္ဒိယနိုင်ငံတို့သည် မေလတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရကြောင်း၊ ၎င်းတို့သည် ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက ဧပြီ ၃၀ရက်တွင် ပြောကြားခဲ့သည်။

ဖော်ပြ

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးစက္ကူထုတ်လုပ်ငန်း ဘာလာပါကုမ္ပဏီနှင့် ဆာဘားပြည်နယ် အင်ဒိုပရိုက်ကော်ပိုရေးရှင်းတို့သည် အဆိုပါ နားလည်မှုစာချွန်လွှာ၌ လက်မှတ်ရေးထိုးကြမည်ဟု မျှော်လင့်ရကြောင်း ဆာဘားပြည်နယ်ဝန်ကြီး မူဆာအာမန်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်း ဌာနကဖော်ပြခဲ့သည်။

ဟက်တာ ၆၀ တွင် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပြီး ၃၆ဟက်တာတွင် သစ်တောမြေအဖြစ် သတ်မှတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဆာဘားပြည်နယ်အစိုးရ၏ အတည်ပြုပြောကြားချက်ကို ကိုလာကီနာဘာလူမြို့၌ မူဆာက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆုံးဖြတ်

မူဆာသည် အိန္ဒိယနိုင်ငံသို့ ခုနစ်ရက်ကြာ သွားရောက်လည်ပတ်ပြီးနောက် ထိုလုပ်ငန်းလုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့အနီး မဲ့နမ်ခေါင်မြစ်ကမ်းပေါ်ရှိ နေလှန်းဆားကွင်းတစ်ခုကို မေ ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကမ္ဘာ့အိုင်တီဆွေးနွေးပွဲ မလေးရှား၌ ကျင်းပမည်

ကွာလာလမ်ပူ မေ ၂

ကမ္ဘာ့သတင်း နည်းပညာဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ် မေလတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက ဧပြီ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဒဗလျူစီအိုင်တီဟု အမည်ပေးသော အိုလံပစ်အိုင်တီ ဆွေးနွေးပွဲသို့ ကုမ္ပဏီပေါင်း ၃၀၀၀၀ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်ရေးဝန်ကြီး ဂျာမာလူဒင်ဂျာဂျစ်က ပြောကြားခဲ့သည်။

ဒဗလျူစီအိုင်တီ ဆွေးနွေးပွဲနောက်တစ်ကြိမ်ကို အမေရိကန်၌ လက်ခံကျင်းပရန် ဝန်ကြီးချုပ် အဒူလာအာမက်ဘာဒါဝီက တင်ပြမည်ဖြစ်ကြောင်း ၎င်းကပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

ကဘူး မေ ၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တနင်္လာနေ့ နံနက်ပိုင်းက လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အတည်ပြုပြောကြားလိုက်သည်။

မိမိတို့တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီးပျက်စီးခဲ့ပြီး အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ကင်တင်အင်နစ်က အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် သတင်းထောက်များကို ပြောကြားသည်။

မည်သို့ပင်ဖြစ်စေကာမူ ၎င်းတပ်ဖွဲ့ဝင် မည်သူမည်ဝါ ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တပ်ဖွဲ့ဝင်အများစုတို့သည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် ဖြန့်ကြက်ထားရှိပြီး နိုင်ငံ တည်ငြိမ်မှုရရှိစေရန်အတွက် အာဖဂန်အစိုးရကို ပံ့ပိုးကူညီနေကြသည်။

ယခုနှစ်စပိုင်းမှစတင်၍ တာလီဘန်နှင့် ဆက်နွှယ်သည့် တွန်းလှန်တိုက်ခိုက်မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင် ၁၅ဦး အပါအဝင် လူ ၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံတွင် မိုးခေါင်မှုဖြစ်ပွား လူ ၁၀ သန်းခန့် သောက်ရေပြတ်လပ်

ပေကျင်း မေ ၂

ဧပြီလလယ်ပိုင်းမှစတင်၍ တရုတ်နိုင်ငံတွင် မိုးခေါင်မှုဆက်လက် ဖြစ်ပွားနေသဖြင့် ပြည်သူ ၁၀ သန်းကျော်တို့သည် သောက်ရေရှားပါးသည့် အခက်အခဲဖြင့် ကြုံတွေ့နေရကြောင်း စားနပ်ရိက္ခာထိန်းချုပ်မှုနှင့် မိုးခေါင်မှုကယ်ဆယ်ရေးဌာနချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

မိုးခေါင်

တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဒေသအများစုနှင့် အနောက်တောင်ပိုင်းဒေသရှိ ယူနန်ပြည်နယ်တွင် ဆိုးဆိုးရွားရွား မိုးခေါင်ခဲ့သဖြင့် သီးနှံစိုက်ခင်း စုစုပေါင်း ဟက်တာ ၁၆ ဒသမ ၆ သန်း ထိခိုက်ပျက်စီးခဲ့သည်ဟု ဖော်ပြပါဌာနချုပ်က ပြောကြားသည်။

ယခုလက်ရှိ မိုးခေါင်မှုကြောင့် စိုက်ခင်း ဟက်တာ ၂ ဒသမ ၁ သန်း ထိခိုက်ဆုံးရှုံးခဲ့ရပြီး လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ပိုမိုများပြားသည်ဟု အဆိုပါဌာနချုပ်က ပြောကြားသည်။

သောက်ရေ ရှားပါးပြတ်လပ်မှုကြောင့် ကျွဲ၊ နွား တိရစ္ဆာန် ၇ ဒသမ ၈၈ သန်းခန့် ဒုက္ခရောက်ခဲ့ရသည်ဟု ဆိုသည်။

ဧပြီလနှောင်းပိုင်းတွင် တရုတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ပြည်နယ်များနှင့် ဒေသများတွင် မိုးရွာသွန်းမှုနည်းပါးလျက်ရှိပြီး လေပြင်းများ မကြာခဏတိုက်ခတ်နေသည်။ ယင်းဒေသများမှာ ဟူဘေ၊ မွန်ဂိုလီးယားအတွင်းပိုင်းဒေသ၊ ဟေလုံကျန်နှင့် လျောင်နင်ဒေသ တို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရပ်စော်ဘွားများပြည်ထောင်စု မာဟာသဲကန္တာရအတွင်း၌ ကျင်းပသည့် ဓေတ်မီဖော်မြူလာဝမ်းကားပြိုင်ပွဲဝင်ကားတစ်စီးကို မေ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နီပေါနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား လူငါးဦးသေဆုံး

ခတ္တမန္ဒူ မေ ၂

နီပေါနိုင်ငံ အရှေ့ပိုင်းတွင် မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် လူငါးဦးထက်မနည်း တနင်္လာနေ့က သေဆုံးခဲ့ကြောင်း နီပေါရေဒီယိုက ကြေညာသည်။

ခတ္တမန္ဒူမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ ဆန်ဆာရီခရိုင်မှ ဆက်တီယာဂျိဒါ ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် လူငါးဦးထက်မနည်း သေဆုံးခဲ့သည်ဟု ရေဒီယိုက ကြေညာသည်။ ဒေသခံများက နံနက်ပိုင်းတွင် မြေစေးများစုဆောင်းနေစဉ် မြေပြို၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းဖြစ်ရပ်ကြောင့် အခြားလူတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဒါရန်မြို့ရှိ ကိုရာလာကျန်းမာရေး သိပ္ပံဌာနသို့ တင်ပို့ထားသည်ဟု ရေဒီယိုက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် နေအိမ်နှစ်လုံးကိုဝင်ရောက်ရှာဖွေ မူးယစ်ဆေးဝါး ၃၇ ကီလိုခန့်တွေ့ရှိခဲ့

ဗန်ကောက် မေ ၂

ထိုင်းရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အမေရိကန်အဖွဲ့က ပင်လယ်ဆိပ်ကမ်းဒေသရှိ အိမ်နှစ်လုံးကို ရှာဖွေစီးနင်းခဲ့ရာ မက်သာဖက်တမင်း မူးယစ်ဆေးပြား ၃၇ ကီလိုခန့်ကို ဖမ်းဆီးရရှိခဲ့ကြောင်း၊ ယင်းအိမ်များကို မူးယစ်ဆေးဝါး ဆေးပြားထုတ်လုပ်ပေးသည့် စက်ရုံများအဖြစ် ဖန်တီးထားပြီး မူးယစ်ဆေးပြားများကို ပတ္တရာအပန်းဖြေစခန်းမြို့သို့ပို့ကာ ပြည်ပသို့ တင်ပို့ရောင်းချမည် ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

တွေ့ရှိရ

ယင်းမူးယစ်ဆေးပြားများနှင့် အတူ ကော်ဖီထုပ်များ၊ မိုးကာစ ရှူးဖိနပ်၊ ခြေညှပ်ဖိနပ်များ၊ ထုပ်ပိုးရေးပစ္စည်း ကိရိယာများကိုလည်း တွေ့ရှိခဲ့ကြောင်း အိုက်စ်အမည်ရှိ မူးယစ်ဆေးပြားများကို ရစ်ပတ်ထားပြီး ကော်ဖီထုပ်အိတ်များနှင့် ရှူးဖိနပ်များအတွင်း၌ ဝှက်ထားသည်ကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၂ ဒသမ ၈ ကီလို

မူးယစ်ဆေးဝါး စည်းကမ်းထိန်းသိမ်းရေး အမေရိကန်အဖွဲ့မှ စုံစမ်းထောက်လှမ်းရေးသမားများက မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ် (အိုအင်စီဘီ) အဖွဲ့မှ အရာရှိများကို "အိုက်စ်" မူးယစ်ဆေးပြားများ တွေ့ရှိခဲ့သည့် ဘန်နမ်မွန်ခရိုင်မှ အိမ်တစ်အိမ်သို့ ခေါ်ဆောင်ခဲ့သည်။ နောက်ထပ် မူးယစ်ဆေးဝါး ၂ ဒသမ ၈ ကီလိုကို အနီးရှိ ဆက်တာဟစ်ခရိုင်ရှိ အိမ်တစ်အိမ်မှ တွေ့ရှိခဲ့သေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယ၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နယူးဒေလီ မေ ၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ် ဟူဂလီခရိုင်၌ တနင်္လာနေ့တွင် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနက ဖော်ပြသည်။

လူ ၁၄ ဦးပါ အဖွဲ့တစ်ဖွဲ့သည် ဟူဂလီခရိုင် တာရာကကျ်ရှ်ဝါအရပ်သို့ မော်တော်ယာဉ်ဖြင့် သွားနေစဉ် အနောက်ဘင်္ဂလားပြည်နယ် မြို့တော်ကိုလ်ကာတာမှ ကီလိုမီတာ ၅၀ အကွာရှိ ချင်ဆူရာအရပ်အနီးတွင် စက်ဘီးစီးသူတစ်ဦးနှင့် တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ၌ ပြည်တွင်းမငြိမ်မသက်မှုကြောင့် လုံခြုံရေးကင်းမဲ့နေမှုကို မကျေနပ်သဖြင့် ဘဂ္ဂဒက်မြို့တွင် မေ ၁ ရက်က ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သီရိလင်္ကာတွင် ပေါက်ကွဲမှုဖြစ်ပွား

ကိုလံဘို မေ ၂

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်း ထရီကိုမာလီဆိပ်ကမ်းမြို့တွင် တနင်္လာနေ့ နံနက်ပိုင်းက တမီးလ်ကျား တိုက်ခိုက်ရေးသမားများဟု ထင်ရသူများက ဗုံးဖောက်ခွဲမှုကြောင့် သီရိလင်္ကာရေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား လေးဦးတို့ သေဆုံးခဲ့ကြကြောင်း ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဒဏ်ရာရ

နံနက် ၉ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှုကြောင့် ရေတပ်သားသုံးဦးနှင့် အရပ်သားနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လမ်းဘေးတွင် ရပ်ထားသည့် စက်ဘီး၌ မိုင်းတပ်ဆင်ပြီး ဖောက်ခွဲခြင်း ဖြစ်သည်ဟု ကနဦးရရှိသည့် သတင်းများအရ သိရှိရသည်။

ကြည့်ရှုစစ်ဆေး

သီရိလင်္ကာတပ်ဖွဲ့ဝင်များက လမ်းရှင်းလင်းရေး လှုပ်ရှားမှုဆောင်ရွက်နေစဉ်အတွင်း စက်ဘီးကို ကြည့်ရှုစစ်ဆေးနေရာမှ ဗုံးပေါက်ကွဲခြင်းဖြစ်သည်။

ကြိုးပမ်း

လွန်ခဲ့သည့် အင်္ဂါနေ့က သီရိလင်္ကာကြည်းတပ် အကြီးအကဲဖြစ်သူ ဆာရက်ဖွန်ဆီကာကို အသေခံဗုံးဖောက်ခွဲရန် ကြိုးပမ်းခဲ့သည့်နောက်ပိုင်းတွင် သီရိလင်္ကာအစိုးရနှင့် တမီးလ်ကျားတိုက်ခိုက်ရေးသမားများအတွင်း လက်စားချေ တိုက်ခိုက်မှုများ ဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်ဟု ပိုင်းခြားလေ့လာသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘိုလီးဗီးယားနိုင်ငံရှိ ရေနံတွင်းများကို ပြည်သူပိုင်သိမ်းပြီးနောက် လာပတ်စ်မြို့တော်၌လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဩစတြီးယား၌ ရဟတ်ယာဉ်ပျက်ကျ

ဗီယင်နာ မေ ၂

ဩစတြီးယားနိုင်ငံ ဆယ်လ်ဇဘတ်မြို့၌ တနင်္လာနေ့တွင် ဆေးရုံလုပ်ငန်းသုံး ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ လူငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အဆိုပါ ရဟတ်ယာဉ်သည် မြေပြင်သို့ ဆင်းသက်ရန် ကြိုးပမ်းစဉ် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လူနှစ်ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း ရုပ်မြင်သံကြားဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ပျက်ကျသွားသည့် ရဟတ်ယာဉ်မှာ ဆယ်လ်ဇဘတ်တက္ကသိုလ် ဆေးရုံပိုင်ဖြစ်ပြီး လူနာတစ်ဦးကို ဆေးရုံသို့ သယ်ဆောင်နေစဉ် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ(ဂရင်းနစ်စံတော်ချိန် ၁၀၃၀ နာရီ)ခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဩစတြီးယားသတင်းဌာနက သတင်းထုတ်ပြန်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာဗားကျွန်းတွင် ရဲတပ်ဖွဲ့က ဗုံးများ ရှာဖွေ တွေ့ရှိ

ဂျကာတာ မေ ၂

အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဂျာဗားကျွန်း အလယ်ပိုင်းပြည်နယ်မှ စစ်သွေးကြွများ ပုန်းအောင်းသည့် စခန်းကို စီးနင်းရှာဖွေပြီးခဲ့သည့်နောက် ဘာလီကျွန်း ဗုံးဖောက်ခွဲရာတွင် အသုံးပြုခဲ့သည့်ဗုံးနှင့် အလားတူဗုံးမျိုး အိမ်လုပ်ဗုံးများ တွေ့ရှိခဲ့ကြောင်း တနင်္လာနေ့က ပြောကြားသည်။

ဂျကာတာမြို့တော် အရှေ့ဘက် ကီလိုမီတာ ၃၅၀ အကွာရှိ တီမန်ဂွန်မြို့ရှိ ပစ္စည်းသိုလှောင်သည့် ဌာနတွင် အဆိုပါဗုံးများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရှာဖွေ

ဝန်နိုဆိုဘိုဒေသတွင် စောစောပိုင်းက ဖမ်းမိထားသည့် စစ်သွေးကြွဟု သင်္ကာမကင်းသူနှစ်ဦး သတင်းပေးသဖြင့် ရဲတပ်ဖွဲ့က ရှာဖွေခဲ့ရာ ဗုံးများ တွေ့ရှိခြင်းဖြစ်သည်ဟု အမျိုးသားရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အင်တွန်ဘက်ချ်ရှုအမ်က သတင်းထောက်များကို ပြောကြားသည်။ ယင်းဗုံးများသည် ဘာလီကျွန်း ဖောက်ခွဲခဲ့စဉ်က ဗုံးမျိုးနှင့် အလားသဏ္ဌာန် တူညီသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စနေနေ့တွင် ရဲက စီးနင်းရှာဖွေခဲ့ရာ ပစ်ခတ်မှု ဖြစ်ပွားစဉ်အတွင်း စစ်သွေးကြွနှစ်ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦးကို အရှင်ဖမ်းမိခဲ့သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ အင်ဇယ်လ်ကျေးရွာတွင် ရိုးရာပွဲတော်တစ်ရပ် ဆင်နွှဲနေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံတကာ သတင်းများ

ဝက်ဝံကိုက်ခံရမှုကြောင့် ကနေဒါနိုင်ငံသားတစ်ဦးသေဆုံး

အော့တဝါ မေ ၂

အသက် ၂၈ နှစ်ရှိ ကနေဒါနိုင်ငံသား အမျိုးသားတစ်ဦးသည် ကနေဒါနိုင်ငံ မြောက်ပိုင်းဒေသ ယူကွန်မြို့အနီးရှိ တောအတွင်း အလုပ်လုပ်ကိုင်နေစဉ် ကြောက်မက်ဖွယ်ကောင်းသည့် ဝက်ဝံတစ်ကောင်၏ အကိုက်ခံခဲ့ရသဖြင့် သောကြာနေ့က သေဆုံးသွားကြောင်း ဒေသခံသတင်း မီဒီယာက တနင်္လာနေ့တွင် ဖော်ပြလိုက်သည်။

ကွီဘက်ပြည်နယ်မှ အမျိုးသားတစ်ဦးသည် ရော့စ်ရေးဗားမြို့ အရှေ့ပိုင်း ကီလိုမီတာ ၃၀ခန့်အကွာရှိ သတ္တုတွင်းကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။

တွေ့ရှိ

၎င်းအလုပ်သမားသည် ဂျင်းဖရင်းကွိုက်စ်ပက်ဖြစ်ပြီး အခြားလုပ်ဖော်ကိုင်ဖက်နှစ်ဦးနှင့် လုပ်ငန်း လုပ်ကိုင်နေကြသည်။ ညနေပိုင်းတွင် ၎င်းသည် အခန်းသို့ ပြန်ရောက်ခဲ့ခြင်း မရှိသဖြင့် ရဟတ်ယာဉ်တစ်စင်း အကူအညီဖြင့် ရှာဖွေရာမှ နောက်ပိုင်းတွင် ၎င်း၏ အလောင်းကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဂျင်းဖရင်းကွိုက်စ်ကို ဝက်ဝံ သားရဲတွင်းအနီး ငါးမီတာခန့်အကွာတွင် တွေ့ရသည်။ ၎င်းမှာဝက်ဝံတစ်ကောင်၏ တိုက်ခိုက်မှုခံရဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သားရဲတွင်းတွင် ဝက်ဝံကောင်ပေါက် နှစ်ကောင်ရှိနေသည်။

တိုက်ခိုက်

ဝက်ဝံက ယင်း၏သားငယ်လေးများကို ကာကွယ်သည့်အနေဖြင့် ဂျင်းဖရင်းကွိုင်စ်ကို တိုက်ခိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ယုံကြည်နေကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ***



အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် စိန့်လီယိုနတ်မြို့၌ ကလေးတစ်ဦးအား တုပ်ကွေးကာကွယ်ဆေးရည် ပက်ဖျန်းပေးနေသည်ကို မေ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နွားရိုင်းပြေးပွဲတွင် လူတစ်ဦးနွားဝှေ့ခံရ၍ သေဆုံး

လစ္စဘွန်း မေ ၂

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းဒေသတွင် နွားရိုင်းအပြေးပြိုင်ပွဲ ကျင်းပစဉ်အတွင်း တနင်္ဂနွေနေ့က ရရှိခဲ့သည့် ဒဏ်ရာဖြင့် လူတစ်ဦးသေဆုံးသွားကြောင်း ပေါ်တူဂီသတင်းစာတစ်စောင်က တနင်္လာနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ကျင်းပ

လစ္စဘွန်းမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၀ခန့်အကွာရှိ ဆမ်မိုရာ ဘော်ရီယာမြို့တွင် နွားရိုင်းပြေးပွဲ ကျင်းပစဉ် နွားရိုင်းတစ်ကောင်က ဝှေ့ခဲ့သဖြင့် အသက်(၅၀)အရွယ်ရှိ အမျိုးသားတစ်ဦး၏ ရင်ဘတ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ရာမှ ယင်းဒဏ်ရာကြောင့် သေဆုံးသွားသည်ဟု သတင်းစာက ရေးသားသည်။

နွားရိုင်းပြေးပွဲကို ၂၅ နာရီကြာ ကျင်းပခြင်းဖြစ်ပြီး တနင်္လာနေ့ ညနေ ၅နာရီတွင် ပြီးဆုံးခဲ့သည်။ ယင်းပြိုင်ပွဲကို လူပေါင်း ၂၀၀၀၀ ခန့် ကြည့်ရှုအားပေးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ဂျာမန်ရဲတပ်ဖွဲ့ဝင်တစ်ဦးဘဏ်စားပြတိုက် ဝန်ထမ်းကတ်ပြားကျန်ခဲ့၍အဖမ်းခံရ

ဘာလင် မေ ၂

ဂျာမနီနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ဘဏ်စားပြတိုက်မှု ကျူးလွန်ရာတွင် အမျိုးသမီးမိတ်ဆွေ၏ကားကိုယူ၍ သုံးစွဲမိရာမှ သဲလွန်စကျန်ခဲ့သည့်အတွက် ခြေရာခံမိပြီး အဖမ်းခံခဲ့သည်ဟု သက်ဆိုင်ရာ အာဏာပိုင်များက ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

၎င်းသည် အမျိုးသမီးမိတ်ဆွေ၏ကားကိုသုံး၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ကားအတွင်း၌ ၎င်းရဲတပ်ဖွဲ့ဝင်၏ ဝန်ထမ်းကတ်ပြား ကျကျန်ခဲ့သည်။ ထိုကတ်ပြားမှတစ်ဆင့် ခြေရာခံကာ ကားပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ ရဲတပ်ဖွဲ့ဝင်တို့ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံအနောက်ပိုင်းထရီယာမြို့မှ ပြောရေးဆိုခွင့်ရှိသူ ဟော့စ်ရော့စ်က ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

ကျေးရွာတိုင်း စာကြည့်တိုက်များ ထူထောင်မှုပြီးစီးသွားပါက ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဆုံးနိုင်ငံဖြစ်လာမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် စာကြည့်တိုက်ဖွင့်လှစ်ပြီးစီး စေတနာရှင် အလှူရှင်များက လိုအပ်ချက် ဖြည့်ဆည်းလှူဒါန်း

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်လုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့်စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၊ မြို့မိမြို့ဖ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ကျေးရွာပေါင်း ၂၅၈၉ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးမှု အထိမ်းအမှတ်နှင့် ကျေးရွာ စာကြည့်တိုက်များအတွက် အခြေခံ လိုအပ်နေသော ငွေကြေး၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားပြစက်များ၊ ရေဒီယိုများ၊ ပရိဘောဂပစ္စည်းများနှင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းသည့် အခမ်းအနားဖြစ်သည့်အတွက် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသောနေ့တစ်နေ့ဖြစ်ကြောင်း။

နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများ အပါအဝင် လူထုလူတန်းစားအားလုံးတို့အနေဖြင့် အသိပညာ ဗဟုသုတ ပြည့်ရန်၊ အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများ အတွေးအခေါ်မှန်ကန်ရန်နှင့်အသိပညာ ဗဟုသုတရရှိစေရန်တို့အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ထားသည့်အတွက် လူကြီးလူငယ်မရွေး အလွယ်တကူ စာပေ ဖတ်ရှုလေ့လာနိုင်ကြောင်း၊ စာဖတ်ခြင်းသည် အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြား နိုင်ခြင်းတို့အပြင် အချိန်ကိုလည်း အကျိုးရှိစွာ အသုံးချတတ်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဒေသနှင့်နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းနိုင်သည့် အကျိုးကျေးဇူးများကိုရရှိလာမည်ဖြစ်ကြောင်း။

စာကြည့်တိုက်များသည် စာအုပ် စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိမ်းထားသော နေရာဌာနတစ်ခုဖြစ်သည့်အတွက် ပညာဘဏ်တိုက် စာကြည့်တိုက်ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့အပြင် စာအုပ်နှင့် ပြည်သူလူထု ဆက်သွယ်ပေါင်းကူးသောဌာန၊ဘဝတစ်သက်တာ စာဖတ်ခန်း၊ နိုင်ငံတော်၏ ဦးနှောက်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုနိုင်ကြောင်းနှင့် အသိပညာဖြန့်ဖြူးရေးတွင် အထိရောက်ဆုံး ဌာနတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာပေ၏ ကျေးဇူးတရားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြည်နယ်လုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီ ဖြစ်သည့်အတွက် တိုင်းမှူးနှင့်တကွ တာဝန်ရှိသူများအားလုံးအား ကျေးဇူးတင်ပါကြောင်း၊ အလားတူ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေး အတွက် ယနေ့လှူဒါန်းသော ငွေကြေး၊ ပစ္စည်းနှင့် စာအုပ်စာစောင်များအတွက်လည်း တိုင်းမှူးနှင့်တကွ စေတနာရှင်၊ အလှူရှင်များအား အထူးကျေးဇူးတင်ပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာ၊ နည်းပညာအရာတွင် အခြား နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ခြင်း မရှိပါက မိမိတို့နစ်နာဆုံးရှုံးနိုင်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားစေရေးအတွက် ယခုကဲ့သို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ အသိပညာ၊ ဗဟုသုတ တိုးပွားလာသည်နှင့်အမျှ ၎င်းတို့၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဤကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်က စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၁၉၄၉ ရွာအနက် ယနေ့အထိ ကျေးရွာပေါင်း ၅၃၅၅၄ရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လက်ခံစဉ်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာ ပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လက်ခံစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်

(၁) ကျေးရွာပြည်သူများ စာအုပ်စာစောင်များကိုအမြဲမပြတ်ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံး ဆောင်ရွက်ရေး၊

(၂) စာအုပ် စာစောင်များ လစဉ် တိုးပွားနေအောင် ကျေးရွာအလိုက် စာအုပ်ငှားစနစ်ချမှတ်၍ လည်းကောင်း၊ စေတနာရှင်များထံမှ အလှူငွေရှာဖွေ၍လည်းကောင်း ရန်ပုံငွေထူထောင် ဆောင်ရွက်ရေး၊

(၃) စာကြည့်တိုက် အဆောက်အအုံ မရှိသေးပါက ဆက်လက်ထူထောင်ရေး၊

(၄) စာကြည့်တိုက် ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက်ထူထောင်ရေး၊

(၅) စာကြည့်တိုက်မှူးကောင်းများ ရှိလာ၊ ဖြစ်လာအောင် လေ့ကျင့် ပျိုးထောင်ပေးရေး၊

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ် (တောင်ပိုင်း) အခွန်လွတ်ဈေးအတွင်း ဈေးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်သူများ ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရေး ရန်ကုန်တိုင်းအတွင်း အခွန်လွတ်ဈေးသစ်လေးခု ထပ်မံဖွင့်လှစ်ခဲ့ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းဝယ်ကြစေရေး ကြပ်မတ်ထိန်းသိမ်း

ရန်ကုန် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့၌ အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးလေးဈေးနှင့် ရန်ကုန်တိုင်းသာကေတမြို့နယ်၊ ရှုခင်းသာလမ်းရှိ ယုဇနကုမ္ပဏီလီမိတက်၏ စားသုံးဆီသန့်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်း၊ ထီးလှိုင်ရှင်အိမ်ရာအနီးရှိ လှိုင်သာယာ အခွန်လွတ်ဈေးသို့ ရောက်ရှိလာသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်သာယာ အခွန်လွတ်ဈေးအတွင်း လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ် (၅)ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ရွှေပြည်သာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၁၀)ရပ်ကွက် ရာဇာ ဓိရာဇ်လမ်းရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန်များကို သန့်ရှင်းလတ်ဆတ်စွာဖြင့် ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ တိုင်းအတွင်း ယခင်က အခွန်လွတ်ဈေး ခြောက်ခုသာရှိခဲ့ရာမှ ယခုဈေးသစ်လေးခုကို ထပ်မံဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ဈေးအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ရောင်းချဝယ်ယူကြစေရေး ဝိုင်းဝန်းကြပ်မတ် ထိန်းသိမ်းကြရန် မှာကြားပြီး ဈေးရောင်းချသူနှင့် ဈေးဝယ်ယူသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည်။ ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ Yuzana Co., Ltd. Yuzana Edible Oil Group ၏ စားသုံးဆီသန့်စက်ရုံသို့ရောက်ရှိလာရာ Yuzana Co., Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စက်ရုံအရောင်းခန်းမ၌ ပြသထားသည့် Lucky Fish တံဆိပ် မြေပဲဆီ၊ ရွှေဒင်္ဂါး တံဆိပ်မြေပဲဆီသန့်၊ Lucky Fish တံဆိပ်မြေပဲဆီ၊ ကုန်ကြမ်းပစ္စည်း အဖြစ်အသုံးပြုသည့် ပဲပုပ်စေ့နှင့် ပဲဖတ်နမူနာများ၊ Yuzana Edible Oil Group ၏ Refinery Plant Model, Royal တံဆိပ် ဟင်းရွက်ဆီ၊ Victotia တံဆိပ် စားအုန်းဆီ၊ Turkey Vegetable Ghee, Victoria Shortening နှင့် Sunshine Palm Stearin တို့ကို လိုက်လံကြည့်ရှုကြရာ Yuzana Co., Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ရှင်းလင်းပြသသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ Yuzana Co., Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆီအုန်းစိုက်ပျိုးရန် လျာထားဧက တစ်သိန်းအနက် ၆၆၂၇၂ ဧက စိုက်ပျိုးပြီးစီးမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဆီချောထုတ်လုပ်ပုံအဆင့်ဆင့်၊ ဆီချော စက်ရုံနှင့် ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပဲဆီသန့်ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူများအတွက် လိုအပ်သည့် စားသုံးဆီဖူလုံစေရန် အဓိကရည်ရွယ်၍ ထုတ်လုပ်ကြရန်နှင့် စားသုံးဆီသန့်စက်ရုံကို သတ်မှတ်ကာလအတွင်း အမြန်လည်ပတ်နိုင်ပြီး သန့်ရှင်း၍ အရည်အသွေးမီပြီး ဘေးဥပဒ်ကင်းသည့် စားသုံးဆီများကို တိုးချဲ့ထုတ်လုပ်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် Yuzana Co., Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပဲပုပ်ဆီသန့် ၁၈လီတာပုံး ၁၅၀၊ နှစ်လီတာ ဘူး ၃၀၀နှင့် တစ်လီတာဘူး ၉၀၀တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လက်ခံရယူကြသည်။

(သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီးပြီဟု ဆိုနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ကျေးရွာတိုင်းစာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့အောင်မြင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အားသုံးအားကို ရယူဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၎င်းအားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏ အားနှင့် စေတနာရှင်ပြည်သူများတို့၏ အားပင် ဖြစ်ကြောင်း၊ ယင်းအားသုံးအားဖြင့် ဆောင်ရွက်ပါက ယခုစာကြည့်တိုက်များ ဖွင့်လှစ်သည့်ကိစ္စတွင်သာမက အရေးကြီးသည့် အခြားအမျိုးသားရေးကိစ္စများကိုပင် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ ဤအောင်မြင်မှုကို သာဓကယူပြီး အရေးကြီးသည့် အခြားအမျိုးသားရေးတာဝန်များကိုလည်း ဤအားသုံးအားဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံလုံးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်သော်လည်း လုပ်ငန်းပြီးဆုံးပြီဟု မဆိုနိုင်ပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်ကြောင်း၊ **သို့ပါ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်(၅)ရပ်မှာ ကျေးရွာပြည်သူများ စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက် စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ လစဉ်တိုးပွားနေအောင် ကျေးရွာအလိုက်စာအုပ်ငှားစနစ်ချမှတ်၍လည်းကောင်း၊ စေတနာရှင်များထံမှ အလှူငွေရှာဖွေ၍လည်းကောင်း ရန်ပုံငွေထူထောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးပါက ဆက်လက်ထူထောင်ရေး၊ စာကြည့်တိုက် ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက်ထူထောင်ရေး၊ စာကြည့်တိုက်မှူးကောင်းများရှိလာ၊ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ပင် ဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်ပါ လုပ်ငန်းစဉ် (၅)ရပ်ကို ဆောင်ရွက်ရာတွင်လည်း အားလေးအားဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါ အားလေးအားမှာ ဒေသအာဏာပိုင်များ၏ အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏အား၊ ကျေးရွာအလိုက် ဖွဲ့စည်းထားသော စာကြည့်တိုက်ကော်မတီ၏ အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ၏ အားများပင်ဖြစ်ကြောင်း** စသည်ဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က အလှူငွေကျပ် ခြောက်သိန်း၊ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းက ငွေကျပ် သုံးသိန်း၊ စေတနာရှင်၊ အလှူရှင် ၁၃ဦးတို့က ငွေကျပ် ၁၂သိန်း၊ AAA ကုမ္ပဏီမှ ဦးစောနိုင်က ငွေကျပ် ၁၀သိန်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီမှ ဦးသန်းဝင်းက ငွေကျပ် ငါးသိန်း၊ ငွေရည်ပုလဲကုမ္ပဏီမှ ဦးသိန်းမြင့်က ငွေကျပ် ငါးသိန်း၊ စိန်ဝတ်မှုံကုမ္ပဏီမှ ဦးမောင်မြင့်က ငွေကျပ် ငါးသိန်း၊ ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံမှ ဦးမောင်ဝင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ရွှေတော်ဝင်ကုမ္ပဏီမှ ဦးစိုင်းအောင်က ငွေကျပ်ငါးသိန်း၊ ဝမ့်ပေါင်ကျေးရွာမှ ဦးစိုင်းကြူက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံ၍ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ပြည်ထောင်စုလမ်းမပေါ်ရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၃၅တိုက်တို့အတွက် နေ့စဉ်ထုတ်သတင်းစာ တစ်စောင်စီ၊ တစ်နှစ်စာဖြန့်ဝေနိုင်ရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ငွေကျပ် ၂၅ သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ စာအုပ်များ၊ အလှူရှင်များကိုယ်စား ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် ၁၀လုံး၊ ရှမ်းရိုးမ အေးချမ်းရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမွန်းက ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက် ၁၀လုံး၊ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် ငါးလုံး၊ လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးစိုင်းခွန်ဆေက ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် ငါးလုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

လက်ခံ

ထို့နောက် လားရှိုးမြို့လမ်း အထူး(၁) က ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိသားစုက ၁၄ လက်မရောင်စုံ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ လားရှိုးမြို့ရှိ ပို့/ဆက်၊ ကညန၊ ကပရ၊ မီးရထားဌာနများက စုပေါင်း လှူဒါန်းသော ၁၄ လက်မရောင်စုံ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ လားရှိုးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက ရေဒီယို ၂၅ လုံး၊ လားရှိုးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ရေဒီယို ၂၅လုံး၊ ပြည်တွင်းအခွန်ဦးစီးဌာန (လားရှိုး) က ရေဒီယိုခုနစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (လားရှိုး)က ရေဒီယို ငါးလုံးနှင့် အလှူငွေကျပ် ၅၀၀၀၀၊ ပြည်နယ်ပညာရေးဌာနက ရေဒီယို ငါးလုံး၊ ပြည်နယ်တရားသူကြီးက အလှူရှင်များကိုယ်စား ရေဒီယို ၃၄ လုံး၊ အကောက်ခွန်၊ စသုံးလုံး၊ အိမ်တွင်းမှုကျောင်း၊ ရဲသတင်းတပ်ဖွဲ့၊ သမဝါယမဦးစီးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် စက်မှုကြီးကြပ်ရေးအဖွဲ့တို့က စုပေါင်းလှူဒါန်းသော စာအုပ်စာစောင် ၁၀၇၅ အုပ်နှင့် လားရှိုးမြို့မှ ဦးမြင့်နိုင်မိသားစုက အလှူငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံပြီး ဂုဏ်ပြုလွှာများကို ပြန်လည် ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် စေတနာရှင်အလှူရှင်များ၊ ဧည့်သည်များက မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြခန်းကို လှည့်လည် ကြည့်ရှုကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားတွင် အလှူရှင် ဌာနအသီးသီးနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၇၀ တို့က ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေသားကျပ် ၆၁ သိန်းကျော်နှင့် ငွေကျပ် ၂၈၇ သိန်းကျော် တန်ဖိုးရှိ စာအုပ်ပေါင်း ၄၂၀၈၃ အုပ်၊ ငွေကျပ် ၅၄ သိန်းခန့် တန်ဖိုးရှိသော ရောင်စုံရုပ်မြင်သံကြားပြစက် ၃၃ လုံးနှင့် ရေဒီယို ၁၀၁ လုံးတို့ကိုလှူဒါန်းခဲ့ကြရာလှူဒါန်းမှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၄၁၈သိန်းကျော်ဖြစ်သည်။ ၎င်းအလှူငွေ ပစ္စည်းများနှင့် စာအုပ်စာစောင်များကို ကော်မတီဖြင့် ထိန်းသိမ်းပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုံးစွဲသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆန်၊ ဆီ၊ သားငါး၊ ဟင်းသီးဟင်းရွက် စသည့်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ် ခြိုးခြံချွေတာသုံးစွဲခြင်းကို မပြတ်မနေဆောင်ရွက်

❍ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံအထိ လေးမိုင်အရှည်ရှိလမ်းအား ကတ္တရာလမ်းအဆင့် မြှင့်တင်ရန်အတွက် ကျောက်များခင်းကျင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးဦးစီးဌာနမှတာဝန်ရှိသူတို့က လမ်းကို ၁၂ပေမှ ၁၄ပေအထိ တိုးချဲ့မည့်အခြေအနေ၊ ကျောက်များ ခင်းကျင်းနေမှုနှင့် ကတ္တရာ ခင်းကျင်းမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လူအင်အား၊ စက်ယန္တရားအင်အားတို့ တိုးချဲ့ပြီး မိုးမကျမီ လမ်းပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝမြစ် ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုနေမှုနှင့် မြေထိန်းနံရံဆောက်လုပ်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြို့ပတ်လမ်းမြေထိန်းနံရံ တည်ဆောက်မှုကို မိုးမကျမီအပြီးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ထန်းတပင်မြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်လျက်ရှိရာတွင် ရေ၊မြေသဘာဝအခြေအနေအရ လျာထားရည်မှန်းထားသည့် စိုက်ပျိုးဧက ပြည့်မီအောင်ရေပေးသွင်းနိုင်မည့်နေရာကို ရွေးချယ်၍ဆောင်ရွက်ရန် မှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်းလုံး မျှတစွာဖွံ့ဖြိုးတိုးတက်လာစေရေးမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် ပဓာနကျသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့် အညီကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင် အထည်ဖော်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခြေခံ အကျဆုံးဖြစ်သည့်ကျေးရွာအချင်းချင်းဆက်သွယ်သည့်လမ်းများနှင့်ကျေးရွာနှင့်မြို့များ ဆက်သွယ်သည့် လမ်းများကို ဖောက်လုပ်၍ ဒေသတွင်းလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနှင့် သောက်သုံးရေအလုံအလောက်ရရှိရေးသည်လည်း အရေးကြီးကြောင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိမှသာ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသ၏ စီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့အတူကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက်သန့်ရှင်းသည့် သောက်သုံးရေရရှိရေးကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးမှအစ လိမ္မာရေးခြားရှိပြီး စည်းကမ်းကောင်းမွန်၍ ပညာထူးချွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များလာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဖိုးသုညများဖြင့် တိုင်းပြည်တည်ဆောက်၍ မရနိုင်ကြောင်း၊ ပညာရေးနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ရေးဆွဲသတ်မှတ်ပေးထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးပြည့်မီရေး၊ တပည့်ကျောင်းသား၊ ကျောင်းသူများရောက်ရှိသည့် အတန်းနှင့်အညီ တတ်မြောက်မှုရှိရေး၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိရေး၊ ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် မြို့နယ်ပညာရေးမှူးနှင့်တကွ တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ် စိစစ်ကြည့်ရှုပြီး တိုးတက်ကောင်းမွန်အောင် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေး အဆင့်အတန်း မြင့်မားလာရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုကို ရယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါစသည့် အဓိကကျသည့် ရောဂါများမဖြစ်ပွားရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ကျေးလက်နေပြည်သူများအား စည်းရုံးပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံလမ်းပိုင်းကို ကတ္တရာလမ်းအဆင့်မြှင့်တင် ခင်းကျင်းနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်စီးပွားရေး တိုးတက်မြင့်မားလာရန် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးမှုသည်အခြေခံကျကြောင်း၊ သို့ရာတွင် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် တစ်သီးစားသာမက နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးထုတ်လုပ်မှသာ ဝင်ငွေလည်းနှစ်ဆ၊ သုံးဆရရှိမည်ဖြစ်၍ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များက အနီးကပ်ကြီးကြပ်၍ တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား လစာတိုးပေးနိုင်ခြင်းမှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုသို့ ဝန်ထမ်းများလစာတိုးမြင့်လာသည်ကို အကြောင်းပြု၍ ကုန်ဈေးနှုန်းများမတက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ သားငါး၊ ဟင်းသီးဟင်းရွက် စသည့်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ခြင်း၊ခြိုးခြံချွေတာသုံးစွဲခြင်းတို့ကို မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် စက်သုံးဆီကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးမည့် ကြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုလည်း အားလုံးကဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးအတွက်အခြေခံကျသည့် မြို့နယ် အဆင့်တာဝန်ရှိသူများက ကျေးလက်ဒေသအထိ ကွင်းဆင်း၍ စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထန်းတပင်မြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးလှတင်နှင့်မောင်သိန်းတိုးတို့အား ရည်စူး၍ ရွှေပြည်သာမြို့ ကျောက်စိမ်းလမ်းနေ ဒေါ်အေးပုနှင့်မြေး တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က-ပ)

➪ နိုင်ငံနှင့်အဝန်းမှ
မိသားစုများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ကော့သောင်းမြို့ ရွှေပြည်သာတောင်ကုန်း၌ကျင်းပသည့်ကော့သောင်းခရိုင်ကော့သောင်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး ကော့သောင်းမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ရပ်ကွက်ပြည်သူများက ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းနှစ်သောင်းတို့ကို တပျော်တပါးစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်များကို ရှင်းလင်းဆောင်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်စိုးက ကော့သောင်းခရိုင်အတွင်း မြို့နယ်များ၌ ၂၀၀၆-၂၀၀၇ခုနှစ်၊၂၀၀၇-၂၀၀၈ခုနှစ်တို့တွင် ခြံစည်းရိုးကြက်ဆူပင်ဧက တစ်သိန်းစိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၉၄၀၀နှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင်ဧက ၉၀၆၀၀ စိုက်ပျိုးသွားမည့်အစီအစဉ်များကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်းကို သုံးနှစ်အတွင်းစိုက်ပျိုးရန် လမ်းညွှန်ခဲ့မှုအပေါ် နှစ်နှစ်အတွင်း စိုက်ဧကပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနည်းစနစ်များနှင့် ခြံစည်းရိုးကြက်ဆူဆီ၏ အသုံးဝင်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးဆောင်ရွက်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသည် ကော့သောင်းခရိုင်အတွက် မြေပေါ်သယံဇာတ ရင်းနှီးမြှုပ်နှံသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာတွင် လောင်စာဆီသည် အကန့်အသတ်တစ်ခုအနေဖြင့် တည်ရှိလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးကို မျှော်မှန်း၍ လောင်စာဆီအခက်အခဲအတွက် ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ခင်းများအထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန် လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံသူ၊နိုင်ငံသားများနှင့် ဒေသနေ ပြည်သူများအနေဖြင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ကော့သောင်းမြို့ အပါအဝင် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များသည် ပင်လယ်နှင့် ဆက်စပ်နေသောဒေသဖြစ်ရာ ငါးဖမ်းစက်လှေများ၊ စက်တပ်သမ္ဗန်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များအစရှိသည့် အသေးစား စက်ကိရိယာများဖြင့် လည်ပတ်ရသောလုပ်ငန်းများ၊ ယာဉ်များတွင် စက်သုံးဆီလိုအပ်လာမည်ဖြစ်ကြောင်း။

ကြက်ဆူ ကြိတ်ဖတ်ကိုလည်း တောင်သူလယ်သမားများ၏စိုက်ခင်းများတွင် မြေဩဇာအဖြစ် ထည့်သွင်းအသုံးပြုနိုင်ကြောင်း။

လောင်စာဆီအတွက် ခြံစည်းရိုးကြက်ဆူစေ့မှရရှိသည့်ဆီသည် ပြုပြင်ခြင်းမလုပ်ရဘဲ ဒီဇယ်အင်ဂျင်ထဲ တိုက်ရိုက်ထည့်သွင်း၍ သုံးစွဲနိုင်မည်ဖြစ်သဖြင့် ဒေသ၏ လောင်စာဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံနှင့်အဝန်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုး၍ ကြက်ဆူဆီမှဇီဝ လောင်စာဖြည့်တင်းနိုင်လျှင် လောင်စာဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းနေမှု ကုန်ကျစရိတ် ထက်ဝက် လျှော့ချနိုင်မည်ဖြစ်ပြီး ၎င်းငွေကြေးများကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုက်ပါက ရောဝတီမြစ်ကူးတံတားကြီးများကဲ့သို့ တံတားပေါင်းမြောက်မြားစွာကို တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း။

အကျိုးရလဒ်

ယနေ့ကာလတွင် ခြံစည်းရိုးကြက်ဆူပင်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်းများ၌ အမျိုးသားရေးအသိဖြင့် ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက်စိုက်ပျိုးလျက်ရှိရာ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၏ အကျိုးရလဒ်ကို သိရှိနားလည်ပြီး ယနေ့စိုက်ပျိုးခဲ့သည့် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးသွားကြရန်နှင့် ခရိုင်နှင့်မြို့နယ်အတွင်း၌ သတ်မှတ်ဧက ပြည့်မီရုံသာမက ကျော်လွန်အောင်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ကော့သောင်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံအတွင်း ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်များပျိုးထောင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမသို့ရောက်ရှိကြပြီး တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ခရိုင်အတွင်း ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး ၃၇၃၁၃ ဧကနှင့် နွေစပါးဧက ၅၀၀စိုက်ပျိုးခဲ့မှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ဆီအုန်း၁၁၂၃၄ဧက၊ ရော်ဘာ ၅၂၃၆ဧက၊ ငရုတ်ကောင်း ၄၇၆၃ဧက စိုက်ပျိုးခဲ့မှုအခြေအနေနှင့် ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့ စိုက်ပျိုးသွားနိုင်ရန်အတွက် ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမန်နေဂျာ ဦးခွန်ရွှေသိန်းက ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဆီအုန်းစိုက်ပျိုးရန် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပုဂ္ဂလိကဆီအုန်း စိုက်ပျိုးရာတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဆောင်ရွက်ထားမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းအတွက် ကုမ္ပဏီများကို ဧက ၁၄၃၁၆၁၉ဧက လျာထားသတ်မှတ်ပေးခဲ့မှုနှင့် ဆီအုန်းစိုက်ပျိုးရေး ကုမ္ပဏီများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်နေမှု အခြေအနေ၊ ရော်ဘာဧကနှစ်သိန်း၊ ဆီအုန်းဧကငါးသိန်း၊ ငရုတ်ကောင်း ၃၆၀၄၁ဧက ပြည့်မီစွာ စိုက်ပျိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နည်းလမ်း(၅)သွယ်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊နွေစပါးစိုက်ပျိုးရေး လုပ်ငန်းများကိုအထူးအလေးထား ဆောင်ရွက်သွားကြရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းလမ်း(၅)သွယ်ဖြင့် စိုက်ပျိုးသွားကြရေး၊ ဆီအုန်းလုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ်တိုးတက်စိုက်ပျိုးနိုင်မည့် စိုက်ဧကကို စာရင်းပြုစုတင်ပြရေးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတို့တွင် ဝိုင်းဝန်းပါဝင် စိုက်ပျိုးကြရေး၊ ကော့သောင်းမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး ကြိုးကြိုးစားစားဖြင့် ဝန်ထမ်းစည်းကမ်း စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ်ရိပ်သာခန်းမ၌ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများမှလုပ်ငန်းရှင်များ အားတွေ့ဆုံ၍ ၂၀၀၅-၂၀၀၆ ခုနှစ် ဆီအုန်းတိုးချဲ့ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကော့သောင်းမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၃

၂၀၀၆ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ကချင်ပြည်နယ်ကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စစ်ကိုင်းတိုင်းမှ မာဂရက်မေရီက ရရှိသွားသည်။

တောင်ဥက္ကလာမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းက တနင်္သာရီတိုင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရန်ကုန်တိုင်းမှ နီလာမြင့်က ရရှိသွားသည်။

(သတင်းစဉ်)

❑ NLD မှ
ဦးမျိုးမြင့်(စည်းရုံးရေးမှူး ရပ်ကွက်(၁) ကျောက်မဲမြို့)၊ ဦးမြသန်း(စည်းရုံးရေးမှူး ရပ်ကွက်(၂) ကျောက်မဲမြို့)၊ ဦးတင်ဌေး (စည်းရုံးရေးမှူး ရပ်ကွက်(၁) ကျောက်မဲမြို့)၊ ဦးဌေးလွင် (စည်းရုံးရေးမှူး ရပ်ကွက်(၈) ကျောက်မဲမြို့)နှင့် ဦးစိုင်းဝင်းခိုင်(စည်းရုံးရေးမှူး ရပ်ကွက်(၁) ကျောက်မဲ မြို့) တို့ ၁၅ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ၃၀ရက်တွင် ကျောက်မဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်းသိရှိရသည်။

အဆိုပါ ကျောက်မဲ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၅ဦးတို့က ပေးပို့သည့် နုတ်ထွက်လွှာတွင် ၎င်းတို့သည် ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ်တွင် ပြန်လည် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်ကာ ဒေသခံပြည်သူလူထုအကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ NLD ပါတီအနေဖြင့် ယနေ့ ပြန်ကြည့်ပါက နိုင်ငံတော်အစိုးရလုပ်ဆောင် နေမှုများကို အပြုသဘောကောင်းမြတ်သောစိတ်ထားဖြင့် ရှုမြင်သုံးသပ်ခြင်းမရှိဘဲ အဆိုးမြင်ဝါဒဖြင့် ဘေးထိုင်၍ ဝေဖန်ပြစ်တင်ကာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုကို ဖျက်လိုဖျက်ဆီးလုပ်ရမည့် သဘောမျိုးတွေ့ရှိနေရပါကြောင်း၊ လတ်တလောအနေဖြင့်လည်း NLD သည် ဧပြီ၁၇ရက်နေ့ အတွင်း "ဘာလုပ်ပေးရမည်"၊ မေလ၂၇ရက်နေ့တွင် " မည်သို့စီစဉ်ပေးရမည် " စသည်ဖြင့် အာဏာရရှိရေး အကျိုးကိုမျှော်ကိုးပြီး နိုင်ငံတော်အစိုးရအား ရာဇသံပေးသည့်သဘောမျိုး ကြေညာချက်ထုတ်၍ တောင်းဆိုနေသည်များကိုလည်း ကြားသိမြင်တွေ့နေရသည်မှာ လွန်စွာစိတ်ပျက်ဖွယ်ရာကောင်းလှပါကြောင်း၊ ယင်းကြေညာချက်များသည် ပြည်သူတို့၏သဘောဆန္ဒနှင့်လည်း ကိုက်ညီမှုမရှိသကဲ့သို့ ၎င်းတို့အနေဖြင့်လည်း လက်မခံနိုင်ပါကြောင်း၊ နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် သွေးထိုးနှောင့်ယှက်နေသည့် သဘောမျိုးသာဖြစ်သည်ဟု ၎င်းတို့အနေဖြင့် တွေ့ရှိသုံးသပ်ရရှိပါကြောင်း၊ ယနေ့ ၎င်းတို့ဒေသတွင် ပြည်သူလူထုအနေဖြင့် ယခင်ကာလများနှင့်မတူဘဲ တိုးတက်ဖွံ့ဖြိုးမှုများကို လက်တွေ့မြင်သိခံစားနေရသကဲ့သို့ အခြေခံဖြစ်သည့် နယ်မြေတည်ငြိမ်မှု၊ အေးချမ်း သာယာမှုများကိုလည်း ၎င်းတို့ကိုယ်တိုင် ရရှိခံစားနေရပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းတို့သည် တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် အကျိုးပြုသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကိုသာလိုလားပြီး ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်း၊ တစ်သွေးတည်းတစ်သားတည်းပူးပေါင်း၍ ရပ်ရွာအကျိုးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားလိုသည့်ဆန္ဒရှိပါသောကြောင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှ လည်းကောင်း၊ ပါတီတာဝန်များမှ လည်းကောင်း နုတ်ထွက်ပါကြောင်း၊ ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလကပါတီဝင်၁၇ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှမောင် အပါအဝင် ပါတီဝင်၁၅ဦးက ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုးနုတ်ထွက်ခဲ့ပြီး ဦးအုန်းမြင့် (အဖွဲ့ဝင် ရပ်ကွက်(၁)ကျောက်မဲမြို့)သည် အခြားဒေသသို့ ပြောင်းရွှေ့သွားကာ ဦးတင်မောင်(အဖွဲ့ဝင် ရပ်ကွက်(၁) ကျောက်မဲမြို့)မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်ခြင်းကြောင့် ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ ဗိုက္ကရဲရေထိန်းတံခါး
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.(Junior Class 1)
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅:၁၅ ၆။ အဆိုပြိုင်ပွဲ
၅:၂၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) [ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ]**
၅:၅၀ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အကပြိုင်ပွဲ
၆:၄၀ ၁၄။ ဝင်ငွေတိုးတက်ရရှိဖို့ စိုက်ပျိုးစွမ်းအားမြှင့်တင်စို့
၆:၅၀ ၁၅။ အတီးပြိုင်ပွဲ
၆:၅၅ ၁၆။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လင်းခေးမြို့နယ်၊ ဒါးဆိပ်ကျေးရွာ
၇:၀၅ ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဖန်ပန်းလှလှ(အပိုင်း-၅)**
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ"(အပိုင်း-၂)**
၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ "အရပ် ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် မိသားစုများအား ငွေနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)တို့က လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် မိသားစုများအား ကူညီထောက်ပံ့အားပေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၆)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လေဘေးသင့်ခံရသည့် မိသားစုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လေပြင်းတိုက်ခတ်မှုကြောင့် စက်မှုဇုန်ရှိ စက်ရုံများ၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာ ရုံးဝန်ထမ်းအိမ်ရာ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ပတ်သက်၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် လေဘေးသင့်ခံ မိသားစုများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် တို့က အလှူငွေ ကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ကိုယ်စား) ဗဟို အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အလှူငွေ ကျပ်ငါးသိန်းနှင့် ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ဆေးဝါးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးငြိမ်းမောင်(ငြိမ်း)က အလှူငွေကျပ် ငါးသိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အလှူငွေကျပ်တစ်သိန်းနှင့် "ဝင်းဝင်း" အမွေးတိုင်၊ ဖယောင်းတိုင်လုပ်ငန်းမှ ဦးလွမ်းတင်-ဒေါ်ရှုပာန်တို့က အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းနိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့က လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် တာဝန်ရှိသူများသည် အခြေခံပညာမူလတန်းကျောင်းအမှတ်(၆) လေဘေးသင့်ခံမိသားစုများ စောင့်ရှောက်ထားရှိမှုစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)တို့က လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် မိသားစုများအား ကူညီထောက်ပံ့အားပေးခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် တာဝန်ရှိသူများက လေဘေးသင့်ခံ ပြည်သူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်အားပေးစဉ်။ (မြို့တော်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅ တန်ခိုးတော်အနန္တ ပြည့်ဝမွမ်းထုံရွှေစည်းခုံ
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ မောင်မြန်မာ စက်ဘီးစက်ရုံ(ရန်ကုန်)
၇း၃၀ ပြည်တွင်းသတင်းအကျဉ်း
၇း၄၀ Music Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာထွန်းနောင်)
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ကြစို့
၈း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ အသက်ရာရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
၈း၅၀ ဗွီစီဒီမိတ်ဆက်(ကမ္ဘာသစ်-၁)
၉း၁၅ မိုးလေဝသခန့်မှန်းချက်
၉း၂၀ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ အမွန်မြတ်ဆုံး လက်ဆောင်[နေရဲလင်း၊နှင်းဦ၊ မေနံ့သာခင်၊စောနိုင် (ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၀း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ သိပ္ပံအကြောင်းသိကောင်းစရာ
၁၀း၅၀ ဝါသနာရှင်စင်မြင့်
၁၁း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဂီတသဘင် စင်တင်တင်ဆက်မှု (နဲ၊ပလွေတို့ဖြင့် တင်ဆက်ခြင်း)
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ပွဲကိုင်ရှင် (DVD)
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်

ညပိုင်း **အစီအစဉ်**
၁း၀၀ Man City-Arsenal
လိုင်း 5-Sports (Live)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၃

မေ ၅ရက်တွင် ကျရောက်မည့် မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ်(၆/၂၀၀၆)မှ သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

ဆက်လက်၍ ဒဂုံမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀တို့က သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက သွေးလှူဒါန်းရခြင်း အကြောင်းကိုလည်းကောင်း၊ အမှတ်(၂)တပ်မတော်ဆေးရုံ ရောဂါဗေဒဌာနမှ ရောဂါဗေဒပါရဂူ ဗိုလ်မှူးဒေါ်တင်တင်စန်းက သွေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တပ်မှူး ဗိုလ်မှူးချုပ် မြင့်မောင်က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့သွေးလှူဒါန်းကြသူ တပ်ဖွဲ့ဝင် ၆၀ရှိကြောင်းသိရသည်။

(သတင်းစဉ်)

မေ ၃ရက်က ထိုင်းနိုင်ငံ Toptech Millennium Company Limited**၏ ဖိတ်ကြားချက်အရ** Graphics Art (Imagesetter) **နှင့် ရောင်စုံပုံနှိပ်လုပ်ငန်းများ သွားရောက်လေ့လာမည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ** Computer/Graphics**ပုံနှိပ်ကျွမ်းကျင်သူ ငါးဦးနှင့်** Toptech Millennium Co., **ဌာနေကိုယ်စားလှယ်တို့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀ ၉။ မျိုးချစ်တပ်မတော်
၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆း၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၁၁)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၂၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အကျဉ်းသား ဦးမြင့်သန်း(ခ) အယ်ဖြူ သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းတက်ရောဂါဖြင့် ကွယ်လွန်

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် သံတွဲမြို့ အကျဉ်းထောင်၌ ထောင်ဒဏ်ကျခံနေသော ဦးမြင့်သန်း(ခ) အယ်ဖြူ (၅၅-နှစ်) (အဘ) ဦးမောင်ကိုသည် မေ ၂ရက် ည ၈နာရီ ၂၅မိနစ်တွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းတက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဦးမြင့်သန်း (ခ) အယ်ဖြူသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် ပြည်ထောင်စု ပြိုကွဲစေရန် ဦးတည်လုပ်ဆောင်ခဲ့သည့် (SNLD) ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းပြည်နယ် ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းရာ၌ ပါဝင်ခဲ့မှုကြောင့် ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ပြစ်ဒဏ်ကျခံခဲ့ရခြင်းဖြစ်သည်။ ထိုသို့ ပြစ်ဒဏ်ကျခံနေရစဉ်အတွင်း မတ် ၂၃ရက်တွင် ကျန်းမာရေးရုတ်တရက် ဖောက်ပြန်လာပြီး အတွင်းတက်ရောဂါ စတင်ခံစားနေရသဖြင့် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများဖြင့် ကြပ်မတ်ကုသပေးခဲ့သည်။

ရောဂါအခြေအနေအရ မတ် ၂၆ရက်တွင် ဆရာဝန်ကြီးများဖြင့် ထပ်မံကုသပေးခဲ့သော်လည်း သက်သာမှုမရှိသည့်အပြင် မတ် ၂၈ရက်တွင် ခန္ဓာကိုယ်ယာဘက်တစ်ခြမ်း လေဖြတ်သွားပြီး လှုပ်ရှားနိုင်ခြင်းမရှိသဖြင့် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့သည်။

ဆေးရုံ တက်ရောက်ကုသနေစဉ်အတွင်း ဦးမြင့်သန်း၏ ယာဘက်နို့အုံနေရာတွင် ကွမ်းသီးလုံးခန့်ရှိ ပြည်တည်နာ အကျိတ်ဖြစ်ပေါ်လာသဖြင့် ဧပြီ ၃ရက်နှင့် ၇ရက်တို့တွင် ခွဲစိတ်ကုသပေးခဲ့ပြီး သွေးလေးပုလင်းနှင့် လိုအပ်သော ဆေးဝါးများဖြင့် ကြပ်မတ်ကုသပေးခဲ့သည်။ ယင်း ပြည်တည်နာအကျိတ် ပျောက်ကင်းသွားသော်လည်း မေ ၁ရက်တွင် အတွင်းတက်ရောဂါကြောင့် သတိ ရတစ်ချက် မရတစ်ချက်ဖြစ်၍ အောက်ဆီဂျင်ပေးထားပြီး လိုအပ်သောဆေးဝါးများဖြင့် ကုသပေးခဲ့သည်။ သို့ရာတွင် ၎င်း၏ ရောဂါပြင်းထန်မှုကြောင့် သေဆုံးသွားရခြင်းဖြစ်ကြောင်း သိရှိရသည်။

လူနာအား ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသပေးနေစဉ်ကာလအတွင်း တာဝန်ရှိသူများက ဖိဖိစီးစီး ဂရုစိုက်ကြပ်မတ်ကုသပေးခဲ့သည့်အပြင် ၎င်း၏ ညီဖြစ်သူ ဦးညီညီလွင်နှင့် သားဖြစ်သူ နောင်နောင်သူရိန်တို့ကလည်း အနီးကပ်စောင့်ရှောက်မှုများ ပေးခဲ့ကြသည်။ ယင်းသို့ ဂရုစိုက်ကြပ်မတ်ကုသပေးနေသည့်ကြားမှ မေ ၂ရက် ည ၈နာရီ ၂၅မိနစ်တွင် ၎င်း၏ညီဖြစ်သူအနီး၌ ရှိနေစဉ်၌ပင် လူနာမှာရောဂါပြင်းထန်မှုကြောင့် ရုတ်တရက်အမောဖောက်လာပြီး အတွင်းတက်ရောဂါဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကွယ်လွန်သူအား တာဝန်ရှိသူများက ထုံးတမ်းစဉ်လာနှင့်အညီ သံတွဲမြို့၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီးတွင် သတ္တဌာန ဗုဒ္ဓါနုဿတိကမ္မဌာန်းကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့်သတ္တဌာန ဗုဒ္ဓဘုရားရှင်များအား ဓာတ်ကြီးလေးပါး ဆွမ်းများ ကပ်လှူပွဲအခမ်းအနားကို မေ ၂ရက် ညနေက လယ်တီကျောင်း အောင်ဓမ္မာရုံ၌ ကျင်းပရာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာသဘ အရှင်သူမြတ်က ဗုဒ္ဓါနုဿတိကမ္မဌာန်း အဓိဋ္ဌာန်တရားတော်များ ဟောကြားချီးမြှင့်စဉ်။ (၅၀၆)



ပုဇွန်တောင်မြို့နယ် (၂၅)ကြိမ်မြောက် စုဥဘွဲ့နှင်းသဘင်ပွဲကို ဧပြီ ၂၉ရက်က မြသိန်းတန်းပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျမ်းကြီးအောင် အရှင်တိက္ခဉာဏ(မြသိန်းတန်)အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။ (၂၃)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၃

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၄ဌာနတို့၌ ဖြေဆိုသူ ၁၃၆၀၀ ဦး၊ အောင်မြင်သူ ၁၀၁၄၃ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၆၄၀ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု)ရရှိကြသူများမှာ ပထမ ခုံအမှတ် (၁၁) မောင်မျိုးမင်းထူး သံဖြူဇရပ် စာဖြေဌာန သံဖြူဇရပ်မြို့ မွန်ပြည်နယ်၊ ဒုတိယ ခုံအမှတ် (၃၁) မတင်မို့မို့အေး လပွတ္တာ စာဖြေဌာန လပွတ္တာမြို့ ဧရာဝတီတိုင်းနှင့် တတိယ ခုံအမှတ်(၂၄) မဝင်းသန္တာ ဝါဇီ စာဖြေဌာန ပခုက္ကူမြို့နယ် မကွေးတိုင်းတို့ ဖြစ်ကြသည်။

အဘိဓမ္မာ ဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၂ဌာနတို့၌ ဖြေဆိုသူ ၃၂၀၂ ဦး၊ အောင်မြင်သူ ၂၆၉၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၆၂၁ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ် (၁၇) ဒေါ်မိမိကို မရမ်းကုန်း စာဖြေဌာန ရန်ကုန်မြို့ ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်(၁၁) မောင်ထွန်းအေး မင်းပြား စာဖြေဌာန မင်းပြားမြို့ ရခိုင်ပြည်နယ်နှင့် တတိယ ခုံအမှတ်(၂) မဖြိုးဖြိုးလှိုင်ချမ်းအေးသာစံ စာဖြေဌာန မန္တလေးမြို့ မန္တလေးတိုင်းတို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၃ ဌာနတို့၌ ဖြေဆိုသူ ၁၅၄၇ ဦး၊ အောင်မြင်သူ ၉၄၇ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၁၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု)ရရှိကြသူများမှာ ပထမ ခုံအမှတ်(၃) မဝေမွန်ကျော် မရမ်းကုန်း စာဖြေဌာန ရန်ကုန်မြို့ ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်(၂) ဦးငွေစိုး ခမောက်စု စာဖြေဌာန လေးမျက်နှာမြို့နယ် ဧရာဝတီတိုင်းနှင့် တတိယ ခုံအမှတ် (၁၄) မမူမူဝင်း ကလေး စာဖြေဌာန ကလေးမြို့ စစ်ကိုင်းတို့ ဖြစ်ကြသည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများ၌ ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသ

ရန်ကုန် မေ ၃

လာမည့်သောကြာပတ် မေ ၅ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံမဝင်ဘဲ ပြသဆဲဇာတ်ကားများ ဖြစ်သည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ**

ဇာတ်ကား သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက် ပြသမည်ဖြစ်ပြီး မန္တလေးမြို့ ဝင်းလိုက်ရုံတွင်လည်း ပြသမည်ဖြစ်သည်။

ကျော်ရုပ်ရှင်ထုတ်လုပ်ဖြန့်ချီရေးမှ အကယ်ဒမီငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာဒေါန ရိုက်ကူးသည့်

သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသနေသည့် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှ အကယ်ဒမီရန်အောင်နှင့် သက်မွန်မြင့်တို့ကို တွေ့ရစဉ်။

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှာ မတူညီသော ဘဝအခြေအနေကြောင့် မိမိချစ်သူနှင့် ပေါင်းဖော်ခွင့်မရသော်လည်း ဘဝကို အရှုံးမပေးဘဲ မိမိ၏ ရည်ရွယ်ချက်ပန်းတိုင်ကို ဇွဲရှိရှိဖြင့် ရန်းကန်ရင်း ဘဝအခြေတင့်စေရန် ကြိုးစားခဲ့ရသူ လူငယ်တစ်ဦး၏ ဇာတ်ရုပ်ကို ဒါရိုက်တာက ပီပြင်စွာ သရုပ်ဖော်ထားသည့် ဇာတ်ကားဖြစ်သည်။ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် ဒါရိုက်တာ Peter Jack Son ရိုက်ကူးသည့် လူငယ်ကြိုက် King Kong ကင်းကောင် ဇာတ်ကား ပြသမည်ဖြစ်သည်။ ရွှေဆောင်ရုံတွင် ဒါရိုက်တာ Bruce Hunt ရိုက်ကူးသည့် သိပ္ပံပညာ အသားပေး The Cave ဇာတ်ကားတို့ တစ်ကျော့ပြန် ပြန်လည်ရုံတင်သည်။ နေပြည်တော်ရုံတွင်မူ ပြသဆဲဖြစ်သည့် ဂျက်ကီချန်းပါဝင်သော The Myth ဇာတ်ကား ဆက်လက်ပြသနေသည်။ မန္တလေးမြို့ မြို့မရုပ်ရှင်ရုံတွင် ဟာရစ်ဆန်ဖို့ဒ် ပါဝင်သရုပ်ဆောင်ထားသည့် Firewall ဇာတ်ကားပြသမည်ဖြစ်သည်။(ကြေးမုံ)

မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကြံခင်းမြို့နယ်အတွင်း ၁၈ဦး ရေနစ်သေဆုံး ၁၄ဦး ရေစီးအတွင်း မျောပါပျောက်ဆုံး

နေပြည်တော် မေ ၃

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်ခဲ့သော မာလာ အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရခိုင်ပြည်နယ်တောင်ဘက်နှင့် မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက် မိုးသက်လေပြင်းများ ကျရောက်ခဲ့ရာ မြစ်ချောင်းများ၌ တောင်ကျရေများ ရုတ်တရက်စီးဆင်းမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ ရုတ်တရက် တောင်ကျရေ စီးဆင်းမှုကြောင့် ဧပြီ ၂၉ရက် ညနေ ၅နာရီခွဲခန့်တွင် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အတွင်းရှိ ကွန်ချောင်း ချောင်းတစ်လျှောက်နှင့် ချောင်းဆုံတစ်ဝိုက် ပတ်ဝန်းကျင် ကျေးရွာများ၌ ရေလျှံမှု၊ ရေကြီးမှုများ ဖြစ်ပေါ်၍ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၀ဦး စုစုပေါင်း ၁၈ဦး ရေနစ်သေဆုံးခဲ့ပြီး အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၄ဦးမှာ ရေစီးအတွင်း မျောပါပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ် ဖြစ်လျှင်ဖြစ်ချင်း ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါ ကျေးရွာများသို့သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပျောက်ဆုံးသူများအား ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအား လိုအပ်သည့် ပံ့ပိုးကူညီမှုများ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မိုးသက်လေပြင်း မိုးသီးကြွေခြင်းဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၃

အနောက်တောင်မုတ်သုံလေ မကျရောက်မီကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်တို့၌ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် နေရာကွက်၍ မိုးထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်။ တစ်ခါတစ်ရံ မိုးတိမ်တောင်ကြီးများမှ စိုက်ဆင်းလေပြင်းများလည်း ဖြစ်ပေါ်တတ်လေ့ရှိသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

၂၀၀၆ခုနှစ် မေ ၃ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉:၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ၊ ရန်ကုန်တိုင်းတွင် ဖြစ်မြဲအောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ ဒသမ ၃၈လက်မ၊ ကျောက်တော်မြို့တွင် သုည ဒသမ ၇၉ လက်မ၊ ကလေးဝမြို့နှင့် သထုံမြို့တို့တွင် သုည ဒသမ ၇၅ လက်မစီနှင့် ပခုက္ကူမြို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေလ ၄ ရက် ညနေထိခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်ဆက်လက်တိုးလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၄ ဒီဂရီဖာရင်ဟိုက်)
၂-၅-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ သုညဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)
၃-၅-၂၀၀၆

၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၃-၅-၂၀၀၆
နေပူသည့်နာရီပေါင်း ၈ ဒသမ ၁ နာရီခန့် ၂-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃-၅-၂၀၀၆	မရှိပါ	မရှိပါ	မရှိပါ

၁-၁-၂၀၀၆ရက်မှ ယနေ့အထိ ၁၄၉ မမ (၅ ဒသမ ၈၇ လက်မ)၊ ၁၆၉ မမ (၆ ဒသမ ၆၅ လက်မ) ၁၄၀မမ (၅ ဒသမ ၅၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂-၅-၂၀၀၆ ရက် ၁၅:၁၅နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ၈မိုင်နှုန်းတိုက်ခတ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် (၁၁) ကြိမ်မြောက် အာဆီယံ ကုန်းလမ်း ပို့ဆောင်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၁)ကြိမ်မြောက် အာဆီယံကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

(၁၁)ကြိမ်မြောက် အာဆီယံကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (The 11th ASEAN Land Transport Working Group Meeting) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဒူးဇစ်အင်းလျားလိပ်ဟိုတယ်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ ကုန်းလမ်းအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလွန်အရေးပါ

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါသကဲ့သို့ လူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်ရေး၊ သာယာဝပြောရေးတို့အတွက်လည်း ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ထို့အတူ အာဆီယံဒေသကြီးတစ်ခုလုံး စီးပွားရေး၊ လူမှုရေး တိုးတက်သာယာဝပြောရေးအတွက် ဒေသကြီး၏ ပို့ဆောင်ရေး ကဏ္ဍသည် အလွန်အရေးပါကြောင်း၊ အာဆီယံနိုင်ငံများအကြား ပိုမိုရင်းနှီးချစ်ကြည်သည့် ပူးပေါင်း ဆောင်ရွက်မှုများကြောင့် အာဆီယံကုန်သွယ်ရေးနှင့် အာဆီယံအတွင်း ကုန်သွယ်ရေးတို့ တိုးတက်လာခဲ့သည်ကို မိမိတို့ သက်သေထူနိုင်ခဲ့ပါကြောင်း၊ မိမိတို့၏ ယခင်အဆက်ဆက် ပြုလုပ်လာခဲ့သည့် အစည်းအဝေးများတွင်လည်း အာဆီယံဒေသကြီး ပိုမိုတိုးတက်လာနိုင်ရန် အတွက် စွမ်းရည်ပြည့်ဝပြီး စုစည်းညီညွတ်သည့် ပို့ဆောင်ရေးစနစ်များ လိုအပ်နေသည်ဆိုသည်ကို အသိအမှတ်ပြုလာခဲ့ကြသည်ကိုအားလုံး အသိပင်ဖြစ်ပါကြောင်း။

ရလဒ်ကောင်းများ

ဤအစည်းအဝေး၌ ညှိနှိုင်းဆွေးနွေးမှုများသည် ကိုယ်စားလှယ်ကြီးများ၏ ထက်မြက်သည့် အတွေးအခေါ် အယူအဆ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ပေါင်းစပ်မှုကြောင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မိမိအခိုင်အမာယုံကြည်ပါကြောင်း၊ ထို့အပြင် မိမိတို့၏ စိတ်ကောင်းစေတနာ၊ စုစည်းညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုစသည့် အာဆီယံပြည်သူတို့၏ စိတ်ဓာတ်ကောင်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ကြုံတွေ့ရမည့် အခက်အခဲများအားလုံးကို ကျော်လွှားလွန်မြောက်နိုင်မည်ဟုလည်း မိမိယုံကြည်ကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

ထို့နောက်(၁၁)ကြိမ်မြောက်အာဆီယံ ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အစည်းအဝေးကို မေ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲရေးသမားများကို မြို့ကြီးများသို့ စေလွှတ်ထား

နေပြည်တော် မေ ၃

အကြမ်းဖက်သမားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးကာ အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ABSDF မှ အဖွဲ့ဝင် ပီတာ(ခေါ်) ပီတာအောင်သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပါဆဲတောင်ရပ်ကွက် ပါမွေ(၅)လမ်း၌ ရုံးခန်းဖွင့်လှစ်ထားရှိပြီး ၎င်းသည် NCUB မှ ညိုအုန်းမြင့်၊ KNU တပ်မဟာ(၇)မှ စောလှငွေ၊ SSA-S မှ ရှမ်းသွေးနှင့် စိုင်းကြီးဆိုသူတို့နှင့် ပူးပေါင်း၍ ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ညှိနှိုင်းစီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ယင်းအဖွဲ့သည် ဖောက်ခွဲရေးသမားများဖြစ်ကြသည့် စိုင်းနွမ်(ခေါ်) စိုင်းနန်၊ စောကညောထူး၊ မရီရီကျော်နှင့် မအေးအေးရီတို့ လေးဦးပါဝင်သောအဖွဲ့အား ၂၀၀၆ ခုနှစ် မတ်လတွင် တောင်ကြီးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ စေလွှတ်ထားကြောင်းသိရှိရသည်။

အဆိုပါ ဖောက်ခွဲရေးသမားလေးဦး၏ ပုံပန်းသဏ္ဌာန် မှာ စိုင်းနွမ်(ခေါ်) စိုင်းနန် အသက်(၃၅)နှစ်ခန့်၊ အသားလတ်၊ နဖူးပြောင်၊ ဆံပင်အနည်းငယ်ကောက်၊ အရပ်ငါးပေ လေးလက်မခန့်ရှိ၊ စောကညောထူး အသက်(၃၅)နှစ်ခန့်၊ အသားလတ်၊ လက်ပြင်ကုန်း၊ မျက်နှာတွင်ဝက်ခြံရှိ၊ အရပ် ငါးပေ လေးလက်မခန့်ရှိ၊ မရီရီကျော် အသက်(၃၀)နှစ်ခန့်၊ ရန်ကုန်ဇာတိ၊ ပုံပန်းသဏ္ဌာန်စိစစ်ဆဲ၊ မအေးအေးရီ အသက်(၃၀)နှစ်ခန့်၊ ရန်ကုန်ဇာတိ၊ ပုံပန်းသဏ္ဌာန် စိစစ်ဆဲဖြစ်သည်။

ထို့အပြင် ABSDF အကြမ်းဖက်အဖွဲ့သည် သက်ထွန်း (လူ့ဘောင်သစ်) ဦးဆောင်သော ဖောက်ခွဲရေးသမားငါးဦးနှင့် အောင်ကိုနိုင် ဦးဆောင်သော ဖောက်ခွဲရေးသမား လေးဦးတို့အား ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရန်ကုန်မြို့သို့ စေလွှတ်ထားကြောင်းသိရှိရပြီး ယင်းတို့၏ ပုံပန်းသဏ္ဌာန်များမှာ သက်ထွန်း အသက် (၃၃)နှစ်ခန့်၊ စိန်လုံးပါနားကပ်နှင့် ရွှေရောင်နာရီပတ်လေ့ရှိ၊ အရပ်ငါးပေ ရှစ်လက်မခန့်ရှိ၊ အောင်သီဟ အသက်(၃၂)နှစ်ခန့်၊ ဆံပင်တို၊ ညာဘက်ပါးရိုးတွင် အမာရွတ်ရှိ၊ အရပ်ငါးပေ ကိုးလက်မ ခန့်ရှိ၊ မမိုးမိုးအေး အသက်(၂၆)နှစ်ခန့် ယောကျ်ားဆံပင်ပုံစံဖြင့်၊ ဝဲဘက်လက်ခလယ်၌ ကျောက်စိမ်းလက်စွပ် ဝတ်လေ့ရှိ၊ အရပ်ငါးပေ လေးလက်မခန့်ရှိ၊ မသူဇာ အသက်(၂၆) နှစ်ခန့်၊ အသားညို၊ မျက်နှာသွယ်၊ ဆံပင် ပခုံးထောက်၊ နှစ်လုံးဆင့်ရွှေနားဆွဲဝတ်ဆင်လေ့ရှိ၊ အရပ် ငါးပေ သုံးလက်မခန့်ရှိ၊ မနန်းသီတာဦး အသက် (၂၆)နှစ်ခန့်၊ အသားလတ်၊ မျက်နှာဝိုင်း၊ ဆံပင်ခါးလယ်ခန့်၊ အရပ် ငါးပေ သုံးလက်မခန့်ရှိ၊ အောင်ကိုနိုင် အသက်(၂၄)နှစ်ခန့်၊ အသားညို၊ ကတုံးဆံပင်ဖြင့် ဝဲဘက်လက်မနှင့်လက်သန်း၌ ငွေရောင်လက်စွပ်ဝတ်ဆင်လေ့ရှိ၊ အရပ် ငါးပေ ခြောက်လက်မခန့်ရှိ၊ အောင်ဇော်မိုး အသက်(၂၂)နှစ်ခန့်၊ အသားလတ်၊ ဆံပင်ကိုအလယ်ခွဲ၊ မျက်ခုံးထူ၊ မျက်နှာလေးထောင့်ပုံ၊ အရပ်ငါးပေ သုံးလက်မခန့်ရှိ၊ စိုင်းထွန်းထွန်း အသက်(၂၀) နှစ်ခန့်၊ ဆံပင်ရှည်၊ မျက်နှာသွယ်၊ ဝက်ခြံအနည်းငယ်ရှိ၊ ကိုယ်ခန္ဓာတောင့်တင်း၊ ဝဲဘက်လက်သူကြွယ် ရွှေလက်စွပ်ကြီး ဝတ်ဆင်လေ့ရှိ၊ အရပ် ငါးပေ ကိုးလက်မခန့်ရှိ၊ ညီညီနိုင် အသက်(၂၂)နှစ်ခန့်၊ အသားညို၊ အရပ်ငါးပေ သုံးလက်မခန့်ရှိကြောင်း သိရှိရသည်။

အလားတူ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မန္တလေးမြို့သို့ ခွန်ရဲနောင် ဦးဆောင်သော ဖောက်ခွဲရေးသမား သုံးဦးတို့အားလည်းကောင်း၊ မော်လမြိုင်မြို့သို့ ဖောက်ခွဲရေးသမားသုံးဦးတို့အားလည်းကောင်း စေလွှတ်ထားရှိကြောင်းသိရှိရသည်။

ယင်းအကြမ်းဖက် ဖောက်ခွဲရေးသမားများသည် မြေပေါ်နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များနှင့် ဟန်ချက်ညီစွာ အချိန်ကိုက်လှုပ်ရှားရန် ကြံစည်လျက်ရှိကြောင်း သိရှိသည်။

ယင်းကဲ့သို့ အပြစ်မဲ့ပြည်သူများအပေါ် ကြမ်းကြုတ် ရက်စက်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သော ဗုံးခွဲရန် ကြံစည်မှုများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်း၍ တားဆီးဖော်ထုတ်လျက်ရှိရာ အထက်ပါ ဖောက်ခွဲရေးသတင်းနှင့်ပတ်သက်၍ သတင်းဆက်ကိုရရှိပါက ဖုန်းနံပါတ် ရန်ကုန်(၀၁–၃၇၉၆၆၁)၊ မန္တလေး(၀၂–၃၆၉၈၂)၊ မော်လမြိုင်(၀၅၇–၂၁၀၃၄) နှင့် နေပြည်တော်မြို့တော် (၀၆၇–၄၁၂၀၀၅) တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်

ရန်ကုန် မေ ၃

၂၀၀၆ခုနှစ် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ INDOOR STADIUM HUAMARK ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲတွင် (က) အုပ်စုမှ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းနှင့် ဘရူနိုင်းလက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းက ခြေစွမ်းပြပြီး ခုနစ်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မေ ၄ ရက် ညနေပိုင်းတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းနှင့် လက်ရှိချန်ပီယံ အိမ်ရှင် ထိုင်းလက်ရွေးစင်ဖူဆယ်ဘောလုံးအသင်းတို့ အုပ်စု နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (သတင်းစဉ်)

ပြည်ပအားကစားသတင်း

မန်ယူနှင့်မစ်ဒယ်ဘရော့ဒ်တို့ သရေကျ မန်ယူ ဒုတိယနေရာရရေး လီဗာပူးနှင့် ပြိုင်နေရ

လန်ဒန် မေ ၂

မန်ချက်စတာယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ တနင်္လာနေ့က မစ်ဒယ်ဘရော့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျသွားသည့်အတွက် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ခဲ့ရသည်။

အကယ်၍သာ မန်ယူအသင်းအနိုင်ရခဲ့လျှင် ပရီမီယာလိဂ်ပွဲများတွင် ဒုတိယနေရာကို ရနိုင်မည်ဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲသို့လည်း အလိုအလျောက်ဝင်ခွင့်ရရှိသွားမည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် အင်္ဂလန်ပရီမီယာပွဲတွင် အဆင့်လျော့ကျနေပြီဖြစ်သော ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်း၏ အားအထားရဆုံး ဘောသမား ဟင်နရီက ဂိုးနှစ်လုံးသွင်းနိုင်ရန် အကွက်ဆင်ပို့ပေးခဲ့ပြီး တစ်ဂိုးကို ၎င်းကိုယ်တိုင် သွင်းယူခဲ့သည်။

ယူနိုက်တက်အသင်းနှင့် ဘိုရိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ယူနိုက်တက်အသင်း တိုက်စစ်မှူး ရုဒ်ဗင်နစ္စတယ်ရွိုင်းသည် ရရှိသော အခွင့်ကောင်းအတော်များများကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ဒုတိယပိုင်းတွင် ပယ်နယ်တီ ကန်ခွင့်ရသော်လည်း ဘိုရိုဂိုးသမား ဘရက်ဂျုံးကယ်တင်နိုင်ခဲ့သည်။ ဘိုရိုအသင်းမှာ ယခုပွဲတွင် လိုအပ်သောရမှတ်ကို အမိအရ ယူနိုင်ခဲ့သည်။

ယူနိုက်တက်အသင်း ယခုဘောလုံးရာသီတွင် ရမှတ် ၈၀ဖြင့် ဒုတိယနေရာကို ရရှိထားကာ တတိယနေရာ ရထားသော လီဗာပူးအသင်းထက် တစ်မှတ်အသာရလျက်ရှိသည်။

လာမည့်နှစ်ချန်ပီယံလိဂ် ဘောလုံးရာသီအတွက် တန်းစီရာတွင် အဆင့်(၄) ရထားသော တော့တင်ဟမ်ဟော့စပါးအသင်းထက် အာဆင်နယ်အသင်းသည် လေးမှတ်လျော့နည်းနေသည်။ သို့ရာတွင် အာဆင်နယ်အသင်းသည် မေ ၁၇ရက်တွင် ပါရီမြို့၌ ကစားရမည့် နောက်ဆုံးဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို အနိုင်ရရှိပါက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် အဆင့်မီသည့် အသင်းအဖြစ် စာရင်းပေါက်သွားနိုင်မည့်အခွင့်အလမ်း ရှိနေပေသေးသည်။

အင်တာနက်

အာဆင်နယ်အသင်းမှ တိုက်စစ်မှူး ဟင်နရီ။ (ဓာတ်ပုံ–အင်တာနက်)

မူးယစ်ကုပစ် ပန်းတိုင်သစ်၊ စိတ်သစ် လူသစ် ဘဝသစ်



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စုတက်မည့် အခွင့်အလမ်းနှင့် အင်္ဂလန်

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်းသည် နည်းပြဆရာပိုင်းရော၊ ကစားသမားပိုင်းပါ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ နည်းပြဆရာ အဲရစ်ဆန်သည် ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် မကောင်းသတင်း ထွက်နေသကဲ့သို့ နှုတ်မစောင့်စည်းမှုကြောင့် ရာထူးမှ နုတ်ထွက်ရတော့မည့် ကိန်းဆိုက်နေသည်။

မကြာသေးမီက စော်ဘွား သူဌေး ယောင်ဆောင်ထားသော သတင်းထောက်တစ်ယောက်အား ၎င်း၏ အတွင်းရေးများ ထုတ်ဖော်ပြောကြားလိုက်ပြီးနောက် အင်္ဂလန်ပရိသတ်က အဲရစ်ဆန်ကို နည်းပြရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများ ထွက်ပေါ်လာသည်။ ထို့နောက် အက်(ဖ်)အေက ကမ္ဘာ့ဖလားပြိုင်ပွဲပြီးသည့်နောက် အဲရစ်ဆန် နည်းပြရာထူးမှ နုတ်ထွက်မည့်အကြောင်း ကြေညာခဲ့သည်။ ၎င်းကိစ္စသည် ကစားသမားများအား အနည်းနှင့်အများဆိုသလို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။

မည်သို့ပင်ဖြစ်စေ အဲရစ်ဆန်နှင့် ဘောလုံးသမားများကြားတွင် ယုံကြည်မှုများ ခိုင်ခိုင်မာမာ ရှိနေဆဲပင်ဖြစ်သည်။ သို့သော် အဲရစ်ဆန်က အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း၊

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် သော့ချက်ကစားသမား တိုက်စစ်မှူး ဝိန်းရူနီမှာ ပရီမီယာလိဂ်၌ ချယ်လ်ဆီးနှင့် ကစားသည့်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသွားသည့်အတွက် ကမ္ဘာ့ဖလားပွဲနွှဲမည့် အင်္ဂလန်အသင်းအတွက် ရတက်မအေးဖွယ်ဖြစ်ရသည်။

တိုက်စစ်မှူး အိုဝင်နှင့် နောက်တန်းကစားသမား ဖာဒီနန်တို့ကို လူသိရှင်ကြား ဝေဖန်လိုက်သောကြောင့် ဆက်ဆံရေးအနည်းငယ် ပျက်ပြားသွားစေသည်။

အုပ်စုချောင်

ဤသို့သော ပြဿနာများနှင့် ရှုပ်ထွေးနေစဉ် အဲရစ်ဆန်အတွက်ရော၊ အင်္ဂလန်အသင်းအတွက်ပါ ကုသိုလ်ကံကောင်းစေသော အကြောင်းအရာက ဖန်တီးလာခဲ့သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပွဲ မဲခွဲရာတွင် အုပ်စု ချောင်ထဲသို့ ရောက်ခဲ့သည်။ ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဆွီဒင်အသင်းတို့နှင့် အတူကျသည်။ ထို့ကြောင့် အင်္ဂလန်သည် အုပ်စုပထမဖြင့် ဒုတိယရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အခွင့်အရေးသာသွားသည်။ အုပ်စု (က)မှ ဒုတိယဖြစ်နိုင်သော ပိုလန် (သို့)အီကွေဒေါနှင့် ဒုတိယရှုံးထွက်အဆင့်တွင် တွေ့ဆုံနိုင်သည်။



အင်္ဂလန်အသင်း နည်းပြဆရာ အဲရစ်ဆန်။

အကယ်၍ အင်္ဂလန်သည် အုပ်စုဒုတိယဖြင့်သာ ဒုတိယရှုံးထွက်အဆင့်သို့ တက်ရောက် နိုင်ခဲ့မည်ဆိုလျှင် အိမ်ရှင် ဂျာမနီနှင့် ပက်ပင်းတိုးမည်။ သို့ဖြစ်၍ အင်္ဂလန်သည် အုပ်စုပထမရမှသာလျှင် ကွာတားအဆင့်သို့ ရောက်နိုင်သည်။

အားနည်းချက်

အင်္ဂလန်အသင်း၏ ဖွဲ့စည်းပုံကို လေ့လာကြည့်ရာတွင် နာမည်ကြီးဥရောပ ကလပ်အသင်းများတွင် ကစားနေကြသူများဖြစ်သည်။ ထိုအနေအထားပေါ်ကြည့်ပြီး ကောက်ချက်ဆွဲမည်ဆိုလျှင် အင်္ဂလန်သည် အင်အားတောင့်တင်းသောအသင်းဟု ဆိုနိုင်သည်။ သို့သော် တောင်အမေရိကမှ ဘောလုံးသမားများကဲ့သို့ တစ်ဦးချင်းစွမ်းဆောင်နိုင်သူနည်းသည်။ ဤအချက်မှာ အင်္ဂလန်အသင်း၏ အားနည်းချက် တစ်ခုဖြစ်သည်။

လက်ရှိအင်္ဂလန်အသင်း၏ အဓိက ပြဿနာမှာ ကစားသမားများထိခိုက်အနာတရ ဖြစ်နေခြင်းဖြစ်သည်။ ဂျိုနသန်ဝုဂိတ်နှင့် ဝိန်းဘရစ်(ချ်)တို့မှာ ဒဏ်ရာရနေကြသည်။ ယခုလောလောဆယ်၌ အင်္ဂလန်အသင်း၏ အားအထားရဆုံးဟုဆိုသော ရူနီသည် ထိခိုက် အနာတရ ရထားသည်။ အနည်းဆုံး ခြောက်ပတ်ခန့်နားရမည်ဖြစ်သောကြောင့် အင်္ဂလန်အသင်းအား အကြီးအကျယ် ထိခိုက်နစ်နာစေပေသည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားနှင့် ပတ်သက်လာလျှင် ကံဆိုးတတ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြန်လေ့လာကြည့်လျှင် တွေ့ရမည်။ ထိုစဉ်က အင်္ဂလန်အသင်းသည် အနေအထား ကောင်းမွန်နေသည်။ ပြိုင်ပွဲနီးသည့်အခါ ဒေးဗစ်ဘက်ခမ်း၊ ဂျာရတ်၊ နဗီးလ်တို့ ဒဏ်ရာအနာတရ ဖြစ်ခဲ့ကြသည်။ ပွဲဦးထွက်ပွဲကို ယင်းကစားသမားများမပါဘဲ ကစားခဲ့ရသည်။ ယခုလည်း အထက်ပါအခြေအနေသို့ ရောက်ရှိနေပြန်သည်။

ဟောကိန်းထုတ်

မည်သို့ပင် ဖြစ်စေကာမူ ကမ္ဘာ့ဘောလုံး ဝေဖန်ရေးဆရာများက အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲသို့ ရောက်နိုင်သည်ဟု ဟောကိန်းထုတ်ထားသည်။ ဤဟောကိန်း မှန်သွားနိုင်သည်။ တကယ်တမ်း အင်္ဂလန်အသင်း၏ ကစားသမားဖွဲ့စည်းပုံနှင့် ကစားဟန်၊ ကစားအားစသည်တို့ကိုကြည့်ပြီး သုံးသပ်ရလျှင် ဆီမီးကျော်ပြီး ဗိုလ်လုပွဲရောက်ဖို့ ခက်သည်။ အင်္ဂလန်၏ အဆင့်သည် ဘရာဇီး၊ အာဂျင်တီးနား၊ အီတလီ၊ စပိန် စသော အသင်းများအောက်တွင် ရှိသည်။ ထို့ကြောင့်ဘောလုံး အားကစားနည်း နည်းပညာရှုထောင့်မှကြည့်လျှင် အင်္ဂလန်သည် ဆီမီးဖိုင်နယ်အထိသာ အမြင့်ဆုံး ရောက်နိုင်သည်။

ဗိုလ်လုပွဲရောက်နိုင်ခြေ

သို့သော် အခြားရှုထောင့်တစ်ခုမှ ကြည့်လျှင် အင်္ဂလန်အသင်း ဗိုလ်လုပွဲအထိ ရောက်နိုင်ခြေရှိသည်။ အခြားရှုထောင့်ဆိုသည်မှာ ၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဆိုသော အနေအထားဘက်မှ ဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (သို့တည်းမဟုတ်) အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသော နိုင်ငံများကို

ဂမ်ဆိုင်း

ပြိုင်ပွဲတာဝန်ရှိသူများရော ပြိုင်ပွဲဝင်အသင်းများကပါ ဝိုင်းဝန်းပံ့ပိုးပေးတတ်သည့် သဘောရှိသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား လက်ခံကျင်းပသော တောင်ကိုးရီးယားနှင့် ဂျပန်အသင်းတို့အား သက်ဆိုင်သူများက ပံ့ပိုးပေးခဲ့သည်ကို သတိထားမိကြပေလိမ့်မည်။ တောင်ကိုရီးယား အသင်းဆိုလျှင် စတုတ္ထပင်ရရှိခဲ့သည်။ ထို့အတူ ၂၀၀၆ ခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျာမနီအသင်းကိုလည်း ပြိုင်ပွဲဝင်အသင်းအချို့နှင့် သက်ဆိုင်သူများက သာသာထိုးထိုး ဆောင်ကြဉ်းပေးခဲ့သည်။ သို့ဖြစ်၍ ယခုတင်ပြသော

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်းမှ ခံစစ်သမား ဖာဒီနန်နှင့် တိုက်စစ်မှူး အိုဝင်။

ရှုထောင့်မှကြည့်လျှင် အင်္ဂလန်အသင်း ဗိုလ်လုပွဲအထိ ရောက်နိုင်သည်ဟု ဆိုရခြင်းဖြစ်သည်။

ဖြိုရန်ခက်

သို့သော် ဗိုလ်လုပွဲအထိ ဖြတ်သန်းရမည့် အင်္ဂလန်ခရီးက အနည်းငယ် ခက်ခဲသည်။ သည့်အတွက် အင်္ဂလန်အားထည့်ရမည်ဖြစ်သည်။ လမ်းမှန်ကမ်းမှန်အတိုင်းဆိုလျှင် အင်္ဂလန်သည် ကွာတားတွင် ပေါ်တူဂီ (သို့) နယ်သာလန်နှင့်တွေ့မည်။ ဆီမီးတွင် ဘရာဇီးနှင့် ရင်ဆိုင်တွေ့မည်။ ကစားနည်း၊ နည်းပညာရှုထောင့်မှကြည့်လျှင် ၎င်းအသင်းများကို ဖြိုရန်ခက်သည်။

အကယ်၍ ပေါ်တူဂီနှင့်တွေ့လျှင် နည်းနည်းအားစိုက်ရမည်။ လွယ်ချင်လည်းလွယ်သွားနိုင်သည်။ နယ်သာလန်နှင့်ဆိုလျှင် ပို၍အဆင်ပြေသွားနိုင်သည်။ ကွာတားကျော်ပြီး ဆီမီးတွင် ဘရာဇီးနှင့် တွေ့နိုင်သည်။

အတတ်မပြောနိုင်

ဘရာဇီးသည် ကမ္ဘာ့ဖလားကို ငါးကြိမ်ယူထားသော အသင်းဖြစ်သည်။ ဘရာဇီးသည် ကမ္ဘာ့ဖလားကို (၆)ကြိမ်မရသော်လည်း ပြဿနာမရှိဟု ထင်သည်။ ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲမြင်ကွင်းကို ပြန်သတိရမိသည်။ ကမ္ဘာ့အကောင်းဆုံးဖြစ်နေသော ရော်နယ်ဒိုသည် ဝက်ရူးပြန်သလိုမျိုးဖြစ်ပြီး ပြင်သစ်ကို ဖလားကြီးထိုးပေးခဲ့ဖူးသည်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားမတိုင်မီ သတင်းများပေါ်ထွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်္ဂလန်အသင်းကို ဘရာဇီးအသင်းက ဗိုလ်လုပွဲသို့ ထိုးတင်မပေးလိုက်နိုင်ပါဟု လည်း မည်သူမျှ အတပ်မပြောနိုင်ချေ။

သို့ဖြစ်၍ ဤရှုထောင့်မှကြည့်လျှင် အင်္ဂလန်အသင်းသည် ဗိုလ်လုပွဲအထိ တက်ရောက်သွားနိုင်သည်ဟု သုံးသပ်ခြင်းဖြစ်ပါသည်။ ။

အင်္ဂလန်အသင်း အလယ်တန်းကျောရိုး အဓိက ကစားသမား ဖရန့်လမ်းပတ်၏ ကစားဟန်။

မဟာသန္တိသုခ အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၃

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ အဘိဓမ္မာသင်တန်းကို မေ ၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယခုပညာတော်သင်နှစ်အတွက် ဘာသာရပ်များ တိုးချဲ့ပြီး အဘိဓမ္မာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ ငြိကာကျော်၊ ဝိသုဒ္ဓိမဂ် စသည်တို့ကို ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇနိတနှင့် သင်တန်းမှူးဆရာ သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်တို့ သင်ကြားပို့ချမည်ဖြစ်သည်။

ယခင်ဖွင့်လှစ်ခဲ့သည့် အဘိဓမ္မာအဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၆၆၉ ဦး တက်ရောက်ခဲ့သည်။ စိတ်ပါဝင်စား၍ သင်တန်းတက်လိုသော ဓမ္မမိတ်ဆွေများ သတ်မှတ်နေရာရရှိရေးအတွက် ယနေ့မှ စတင်ကာ မဟာသန္တိသုခရုံး ဖုန်း-၅၄၄၉၃၈သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တွံတေးဆရာတော် တရားပွဲ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတရေ) သည် ကဆုန်လဆန်း ၁၂ရက်မှ ကဆုန်လပြည့်ကျော် ၃ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို ကိုင်းဇီးဒေါင့်ကျေးရွာ ကလေးဝမြို့နယ် စစ်ကိုင်းတိုင်းတို့၌ ကျေးရူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ညောင်ရေသွန်းပွဲနှင့် ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၃

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ မိုးကုတ်ဝိပဿနာ ရာသက်ပန် အမြဲတမ်း တရားစခန်း ဓမ္မရိပ်သာတွင် ပူဇော်ထားရှိသော မဟာဗောဓိပင်အား မေ ၁၁ရက် (ကဆုန်လပြည့်နေ့) အရုဏ်တက်တွင် ဗုဒ္ဓါဘိသေကမင်္ဂလာ အခမ်းအနားဖြင့် ပူဇော်ပြီး မိုးကုတ် ယောဂီများက ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ ကဆုန်ညောင်ရေသွန်းလောင်းမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းအားထုတ်ပွဲကို မေ ၁၁ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော၊ တရားအားထုတ်လိုသော ယောဂီများ မေ ၁၀ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံနှင့်အဝန်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး၍ ဇီဝလောင်စာဖြည့်တင်းနိုင်လျှင် လောင်စာဆီကို ပြည်ပမှဝယ်ယူတင်သွင်းမှု ကုန်ကျစရိတ်ကို ထက်ဝက်လျှော့ချနိုင် ငွေကြေးများကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံလိုက်ပါက ရောဝတီမြစ်ကူးတံတားကြီးများကဲ့သို့ တံတားပေါင်းမြောက်များစွာ တည်ဆောက်နိုင်မည်

ရန်ကုန် မေ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် မြိတ်မြို့သို့ရောက်ရှိပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် တိုင်းအဆင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် ကော့သောင်းလေဆိပ်သို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ် တပ်ရင်း၊တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုက ကော့သောင်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စိုက်ပျိုးနိုင်ရန် ကြက်ဆူပျိုးပင်များကို တပ်ရင်း၊ တပ်ဖွဲ့များထံ ဝေငှပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကော့သောင်းတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနိုင်ရန် ပျိုးပင်များကို ဝေငှပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်သားများနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့် ဇနီးတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခြံစည်းရိုး ကြက်ဆူပင်များဝေငှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်များကို တပ်ရင်း၊ တပ်ဖွဲ့များထံ ဝေငှပေးစဉ်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk **နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ သွားကြသည်။**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဧည့်ခန်းမဆောင်သို့ ရောက်ရှိလာကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်အား ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatatတို့နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

NLD ပါတီသည် နိုင်ငံတော်အစိုးရလုပ်ဆောင်နေမှုများကို အပြုသဘောသုံးသပ်ရှုမြင်ခြင်းမရှိ အဆိုးမြင်ဝါဒဖြင့် ဘေးထိုင်ဝေဖန်ပြစ်တင်ပြီး နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုကို ဖျက်လိုဖျက်ဆီးသဘောမျိုးတွေ့ရှိရ နိုင်ငံတော်အစိုးရအား ရာဇသံပေးသည့်သဘောမျိုးကြေညာချက်ထုတ်နေမှု ပြည်သူတို့၏ သဘောဆန္ဒနှင့်ကိုက်ညီမှုမရှိ ရပ်ရွာအကျိုးနှင့် ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန် ကျောက်မဲမြို့နယ် NLD ရုံးကိုပိတ်သိမ်းပြီး ပါတီဝင်အားလုံးနုတ်ထွက်

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးလှမောင် (ဥက္ကဋ္ဌ ရပ်ကွက်(၆) ကျောက်မဲမြို့)၊ ဦးစိုးဝင်း (ဒုတိယဥက္ကဋ္ဌ ရပ်ကွက်(၈) ကျောက်မဲမြို့)၊ ဦးကျော်ဝင်း (ဒုတိယဥက္ကဋ္ဌ ရပ်ကွက်(၆) ကျောက်မဲမြို့)၊ ဦးမောင်မောင်(အတွင်းရေးမှူး ရပ်ကွက်(၆) ကျောက်မဲမြို့)၊ ဦးညွန့်ရွှေ(တွဲဖက်အတွင်းရေးမှူး ရပ်ကွက်(၃) ကျောက်မဲမြို့)၊ ဦးဂန်ဂါးဗဟာဒူး(ဘဏ္ဍာရေးမှူး ရပ်ကွက်(၄) ကျောက်မဲမြို့)၊ ဦးစိုးဝင်း(ခ)ဦးတိတ်ဗဟာဒူး(စည်းရုံးရေးမှူး ရပ်ကွက်(၁)ကျောက်မဲမြို့)၊ ဦးဉာဏ်ရှိန် (စည်းရုံးရေးမှူး ရပ်ကွက်(၁) ကျောက်မဲမြို့)၊ ဦးကျော်သန်း(စည်းရုံးရေးမှူး ရပ်ကွက်(၂) ကျောက်မဲမြို့)၊ ဦးခင်မောင်မြင့်(စည်းရုံးရေးမှူး ရပ်ကွက်(၃)ကျောက်မဲမြို့)၊ စာမျက်နှာ ၉ ကော်လံ ၂ သို့❑